ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ (4-9-2008) (၅၇၉၁)

သန္တုဋ္ဌိစ ဧတံ မင်္ဂလ မုတ္တမံ

ရောင့်ရဲလွယ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးကျေးရွာရှိ မူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများက အလျား ပေ ၁၂၀၊ အနံပေ ၃၀ ရှိ တစ်ထပ်သံထည် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖွင့်လှစ်ပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ)နှင့် အဖွဲ့ဝင်များ လိုက်ပါလျက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဖွံ့ဖြိုးတိုးတက်လာသော ကြိမ်ချောင်းကြီးဒေသ၏ ပြန်လည်ထူထောင်တည်ဆောက်မှု မြင်ကွင်းများ

သတင်းဆောင်းပါး၊ ဓာတ်ပုံ-မော်ကျွန်းမြင့်အောင်(ပြန်/ဆက်)

ရန်ကုန် စက်တင်ဘာ ၃

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးဒေသတွင် ပြန်လည်ထူထောင်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နေကြောင်း နေ့စဉ်သတင်းစာများတွင် ဖတ်ရှုနေရသည်။ ကြိမ်ချောင်းကြီးမှ ပြန်လာသူများ၏ ပြောပြချက်အရ လူနေအိမ် အဆောက်အအုံများ၊ လမ်းများ၊ ကျောင်းများ၊ ဈေးဆိုင်များဖြင့် အတော်ပင် စည်ကားနေကြောင်း ကြားသိနေရသည်။

သို့သော်လည်း ကြိမ်ချောင်းကြီးသို့ စာရေးသူ မရောက်သေးပါ။ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုလေ့လာချင်သော ဆန္ဒတော့ ရှိပါသည်။ ယင်းဆန္ဒတို့မှာ ဇူလိုင် ၃၀ ရက်နေ့က ပြည့်ဝခဲ့ပါသည်။ စာရေးသူမိတ်ဆွေတစ်ဦးက ကြိမ်ချောင်းကြီးသို့ စက်လှေဖြင့်သွားမည်ဖြစ်၍ လိုက်ပါနိုင်ကြောင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြိမ်ချောင်းကြီးကျေးရွာတွင် စနစ်တကျဆောက်လုပ်ထားသော ကျေးလက်လူနေအိမ်များအား ခြံစည်းရိုးဖြင့် အလှဆင်ထားသည်ကို တွေ့မြင်ရစဉ်။

ယနေ့ ဆောင်းပါးအညွှန်း

စာတတ်မြောက်မှု ငွေလမင်းသည် နယ်စပ်ဒေသပါမကျန် ထိန်ထိန်ဝင်းခဲ့၏။ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ် ဖြစ်၏။ နိုင်ငံတော်ကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ပညာစွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်နိုင်ခြင်း၏ သင်္ကေတ တစ်ခုပင်ဖြစ်၏။

ဦးအောင်ကျော်ကျော်(ကျန်းမာရေးပညာ)၏
"သက်ရှည်ကျန်းမာဖို့ စာဖတ်ကြပါစို့"

(ဆောင်းပါး) စာမျက်နှာ-၆

ကြေးမုံ The Mirror
၄-၉-၂၀၀၈
(ကြာသပတေးနေ့)

ဒေသဖွံ့ဖြိုးရေး စေတနာစွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းရှိ ဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စွမ်းအားဖြင့် လမ်းမိုင်ပေါင်း ခြောက်သောင်းကျော်၊ ပေ ၁၈၀ နှင့်အထက် တံတားကြီး ၂၃၆ စင်းတို့ကို ဖောက်လုပ် တည်ဆောက် ပေးထားနိုင်ပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လျက်ရှိရာ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ပြီး ဒေသအလိုက် ထွက်ကုန်များ ရောင်းဝယ်တင်ပို့မှု တိုးတက်စည်ပင်လျက်ရှိသည်။

မြန်မာ့စီးပွားရေး၏အခြေခံ လယ်ယာကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရေအရင်းအမြစ်ရရှိနိုင်မှု အခြေအနေများကို အစွမ်းကုန် ဖော်ထုတ်ကြိုးပမ်းလျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါးပေါင်း ၂၁၄ ခုကို တည်ဆောက်ပေးထားရာ စိုက်ပျိုးရေ လုံလောက်စွာ ရရှိလာသည်နှင့်အမျှ စပါးနှင့် သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်လျက်ရှိသည်။

ထို့အပြင် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဒေသအားလုံးရှိ လူငယ်လူရွယ်များ ခေတ်မီပညာရပ်များကို မိမိတို့ဒေသအတွင်း၌ပင် ဆည်းပူးသင်ယူနိုင်ကြပြီဖြစ်သည်။ အလားတူ အထူးကုဆေးရုံကြီးများ၊ ဆေးရုံ၊ ဆေးပေးခန်းများ တည်ဆောက်ပေးထားပြီး ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများကို တိုးချဲ့ခန့်အပ်ပေးထားသဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက နိုင်ငံတစ်နံတစ်လျားရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံလိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ကိုယ်စီ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းအောင်မြင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် ဝန်ထမ်းတိုင်းက မိမိတို့၏ အတတ်ပညာ၊ အသိပညာ၊ အတွေ့အကြုံများနှင့်အတူ စေတနာစွမ်းအား အပြည့်အဝထား၍ ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာရေး ပိုမိုအကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၃

"မြန်မာ-အိန္ဒိယဆက်ဆံရေး သမိုင်းအစဉ်အလာ ကြီးမားခဲ့မှုမှသည်" ခေါင်းစဉ်နှင့်ပတ်သက်ပြီး ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ စာရေးဆရာကြီးများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၃၄) ထွက်ရှိလာသည်။

ထို့အပြင် အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား အိုင်တီဆုံမှတ်အဖြစ် ပေါင်းစည်းပေးမည့် ရတနာပုံ ဆိုက်ဘာစီးတီးအကြောင်း၊ ဂျပန်ကားကုမ္ပဏီများ မြန်မာနိုင်ငံ၌ အထူးစီးပွားရေးစက်မှုဇုန် တည်ထောင်ကာ ကားပစ္စည်းများ ထုတ်လုပ်ရန်စီစဉ်၊ မဟာမဲခေါင်ဒေသ၌ ဗန်ကောက်နှင့် ထားဝယ်ဆက်သွယ်ထားသည့် နယ်စပ် ဖြတ်ကျော်တောင်ပိုင်းစီးပွားရေးစင်္ကြံ စတင်ဆောင်ရွက်တော့မည်၊ မြန်မာ့စဥ့်ပစ္စည်းများ ဂျပန်ပို့မည်၊ ပျံကျဈေးသည်များထံမှ ဈေးကောက်ကောက်ခံခြင်းကို ပုဂ္ဂလိကသို့အငှားချ၊မြန်မာ အလုပ်သမားတရားဝင်အလုပ်အကိုင် ရှာဖွေရေးဈေးကွက်ချဲ့ထွင်ရာတွင် ထိုင်းနိုင်ငံသည် အသင့်လျော်ဆုံး ဈေးကွက်ဖြစ်လာနိုင်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ" ဟာသစာပေများ" အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများ ပါရှိသည်။

ဒေသဆိုင်ရာစီးပွားရေး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများပါသည့် အချက်အသစ် အာဆီယံထုတ်ပြန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူပေါင်းများစွာသည် အဆုံးစွန်ဆင်းရဲတွင်းနက်လျက်ရှိ၊ ခေါင်းနှစ်လုံးပါ ကလေးငယ်ဆေးကုသစရိတ် မတတ်နိုင်၍ သေဆုံး၊ ရီပတ်ဘလီကင် ဒုတိယသမ္မတလောင်းအဖြစ် ငယ်ငယ်ချောချော ဆာရာပလင်းကို ရွေးချယ်ခြင်းမှာ မက်ကိန်းအတွက် အန္တရာယ်များလှသော အလောင်းအစားတစ်ခုဖြစ်လာမည်ဟုဆို၊ အမျိုးသမီးများ နေ့စဉ်အသုံးပြုနေသည့် အလှဆီများသည် အရေပြားကင်ဆာဖြစ်ပွားမှုကို မြင့်တက်စေနိုင်၊ "လက်တွဲဖော်အမျိုးသမီး ရေနစ်သေဆုံးမှုတွင် အမျိုးသားကို မသင်္ကာဖွယ်လူသတ်မှုဖြင့် ဖမ်းဆီး" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းကိုယ်စားပြု လူငယ်ဘောလုံး၊ စစ်တုရင်၊ ဘတ်စကက်ဘောနှင့် မြန်မာ့သိုင်း အားကစားသမားများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းကိုယ်စားပြု အားကစားသမားများအား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တွေ့ဆုံအားပေးစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းကိုယ်စားပြု လူငယ်ဘောလုံး၊ စစ်တုရင်၊ ဘတ်စကက်ဘောနှင့် မြန်မာ့သိုင်း အားကစားသမားများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် အဆိုပါအားကစားပြိုင်ပွဲ လေးမျိုးတွင် ပြိုင်ပွဲဝင်အားကစားသမား ၉၁ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခင်နှစ်က စစ်တုရင်နှင့် ဘတ်စကက်ဘောပြိုင်ပွဲများ၌ တံခွန်စိုက်ဒိုင်းဆုများ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ အလှူရှင် Mahaphant Group, Thailand မှ အပြည်ပြည်ဆိုင်ရာ စီးပွားရေးမန်နေဂျာ Mr. Pramod Pandey နှင့် အဖွဲ့က ထိုင်းဘတ်ငွေ ၂၉၅၉၁၀၁ ဒသမ ၆၃ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

လေဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၃

လေဘေးသင့်ပြည်သူများ အတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ် လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမသို့ အလှူရှင် Mahaphant Group, Thailand မှ အပြည်ပြည်ဆိုင်ရာ စီးပွားရေးမန်နေဂျာMr. Pramod Pandey နှင့် Twjs Co, Ltd ဒါရိုက်တာ ဦးဝင်းအောင်၊ ဒါရိုက်တာ ဒေါ်အေးအေးသွယ်နှင့်အဖွဲ့တို့က ထိုင်းဘတ်ငွေ ၂၉၅၉၁၀၁ ဒသမ ၆၃ တန်ဖိုးရှိ အထူ ခြောက်မီလီမီတာ (၈ ပေ×၄ပေ)ရှိ Shera မျက်နှာကြက် အမိုးပြား သေတ္တာ ၁၄၄၀၊ အထူလေးမီလီမီတာ (၂ပေ ×၂ပေ)ရှိ Shera မျက်နှာကြက် အမိုးပြား သေတ္တာ ၁၀၅၉၀၊ သစ်အစားထိုး နံရံအလှဆင် အကာပြား သေတ္တာ ၁၃၃၂၀ နှင့် အပူဒဏ်ကာ Trilon အိမ်အမိုးပြား ၇၂၀၀၊ အမိုးပြားနှင့် ဆက်စပ်ပစ္စည်း၂၉၇၉ သေတ္တာတို့ကို လာရောက်ပေးအပ် လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်ဆင့်ပွားပညာ သင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၃

မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၁၀/၂၀၀၈)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၂ ရက်က မုံရွာမြို့ ရွာတုံ စံပြကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းအောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

ဆွေးနွေး

ရွေးဦးစွာ ရွာတုံစံပြကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မုံရွာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းအောင်က စာအုပ်စာပေလှူဒါန်းရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက စာကြည့်တိုက်ခိုင်မာရေးအတွက် စာအုပ်များ မျိုးတူစုခြင်း၊ ပညာရပ် ခွဲခြားခြင်း၊ စာအုပ်များ စာရင်းရေးသွင်းခြင်း၊ စာအုပ်များ ရောက်ရှိသည်မှ ငှားရမ်းနိုင်သည်အထိ ဆောင်ရွက်ရသည့် လုပ်ငန်း အဆင့်ဆင့်ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသည်။

ဩဂုတ် ၂၂ရက်တွင် ဖွင့်လှစ်ပို့ချသည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁၀/၂၀၀၈) သို့ သင်တန်းသား၊ သင်တန်းသူ ၄၄ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။ **(ခရိုင်ပြန်/ဆက်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက္ကသိုလ်၊ဆေးရုံနှင့် စပါးစိုက်ပျိုးထွန်ယက်နေမှု စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် ဟသ်ာတတက္ကသိုလ်နှင့် ဟသ်ာတ နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် ကျုံပျော်မြို့နယ် အထောင်ကျေးရွာရှိ ၁၉၉၇ ခုနှစ် မတ် ၂၅ရက်တွင် ဖွင့်လှစ်ခဲ့သော ကိုယ့်အားကိုယ်ကိုး ဆေးရုံနှင့် ရေကြည်မြို့နယ် ကိုင်းချောင်းကျေးရွာ အုပ်စုရှိ တောင်သူဦးအုန်းမောင်၏ တစ်မိုးနှစ်သီး ပထမစပါး၊ ရတနာအောင် စပါးမျိုးကိုတောင်သူများ စုပေါင်းရိတ်သိမ်းထွန်ယက် မြေပြင်နေမှု၊ ဒုတိယ စပါး ရတနာအောင် စိုက်ပျိုးနေမှု၊ ရိတ်သိမ်းပြီးစပါးကို Bio Mass Gasifer အသုံးပြုအင်ဂျင်ဖြင့်ခြွေလှေ့နေမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ရေကြည်မြို့နယ်၊ ကိုင်းချောင်းကျေးရွာ၌ ဒုတိယမိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

" ကြိမ်ချောင်းကြီးက ပင်လယ်တံခါးဝလို့ ပြောရင်လည်း ရပါတယ်။ ပင်လယ်ကုန်မှန်သမျှကို ကဒုံတို့ ဧရာတို့လို ကူးသန်း ရောင်းဝယ်ရာဒေသလည်း ဖြစ်ပါတယ်။"

(ဦးကျော်အေး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေး၊ ကြိမ်ချောင်းကြီး)

*** ရှေ့ဖုံးမှ**

ဖိတ်ကြားလာသဖြင့် ဝမ်းမြောက်ဝမ်းသာလက်ခံကာ ကြိမ်ချောင်းကြီးသို့ လိုက်ပါခွင့် ရခဲ့ပါသည်။

မြစ်ရေပြင်ကျယ်အဝေးမှ လှမ်းမြင်လိုက်ရသော ကြိမ်ချောင်းကြီးကျေးရွာ၏ မြင်ကွင်းမှာ သွပ်မိုးဖွေးဖွေးများဖြင့် ပန်းတင့်လျက်ရှိသည်။ အနောက်သဘက်မြစ်ကြီးကို မေးတင်တည်ဆောက်ထားသော ကြိမ်ချောင်းကြီးအားအနီးကပ်ရှုမြင်လိုက်ရသောအခါမိမိမျက်စိကိုပင်မိမိမယုံချင်တော့။ မြို့လေးတစ်မြို့ကိုရောက်ရှိနေတာများလား။ကြိမ်ချောင်းကြီးမှဟုတ်မှဟုတ်ပါ့လေစဟု တွေးထင်မိသည်။

စာရေးသူ လွန်ခဲ့သော နှစ်နှစ်ခန့်က ကြိမ်ချောင်းကြီးသို့ တစ်ခေါက်ရောက်ခဲ့ဖူးသည်။ ကြိမ်ချောင်းကြီးကျေးရွာမှာ ဤမြင်ကွင်းမျိုးမဟုတ်။ ကျေးရွာကမ်းနားလမ်းတစ်လမ်းသာ အဓိကရှိပြီးအခြား လမ်းသွယ်လေး နှစ်လမ်းသာရှိသည်။ နေအိမ်အဆောက်အအုံများမှာလည်း သွပ်မိုးပျဉ်ထောင်အိမ် နည်းပါးလှသည်။

ယခုတော့ ကြိမ်ချောင်းကြီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုပြီး မုန်တိုင်းဒဏ် ပြင်းပြင်းထန်ထန်ခံစားခဲ့ရသော ကျေးရွာဟုပြောလျှင် မည်သူမျှယုံမည်မထင်။

ကြိမ်ချောင်းကြီးသားတို့သည် မုန်တိုင်းဒဏ် အလူးအလဲခံစားရသော်လည်း အားမာန်မပျက် ဇွဲမလျှော့ဘဲရှေ့သို့စွမ်းဆောင်လှမ်းချီနိုင်ခဲ့သည်။ပြန်လည်နိုးထခဲ့သည်။စာရေးသူကြိမ်ချောင်းကြီးသို့ ထိုနေ့ မွန်းလွဲ ၁နာရီတွင် ရောက်ရှိခဲ့သည်။

ကြိမ်ချောင်းကြီးကမ်းနားလမ်းတွင် စာရေးသူနှင့်အဖွဲ့အား ကြိမ်ချောင်းကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိသော ဒုတိယရဲမှူး အောင်စိုးဝင်း၊ ကြိမ်ချောင်းကြီးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းအောင်ခိုင်၊ အဖွဲ့ဝင် ဦးနိုင်ဝင်း၊ စာရေးဦးကျော်အေးနှင့် မူ/လွန်ကျောင်းအုပ်ကြီး ဦးဝင်းနိုင် တို့က ဆီးကြို နှုတ်ဆက်ကြသည်။

စာရေးသူမှာ အချိန်ရခိုက် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေး ဦးကျော်အေးနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

"ကျွန်တော်တို့ကြိမ်ချောင်းကြီးက ပင်လယ်တံခါးဝလို့ ပြောရင်လည်း ရပါတယ်။ပင်လယ်ကုန်မှန်သမျှကို ကဒုံတို့ ဧရာတို့လို ကူးသန်းရောင်းဝယ်ရာ ဒေသလည်း ဖြစ်ပါတယ်။ကြိမ်ချောင်းကြီးလို့ခေါ်တာကတော့ ကျေးရွာကို လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ကျော်ကစတင်တည်ဆောက်ခဲ့ပြီး ကျေးရွာတည်ခါစက ထူးထူးခြားခြားရှည်လျားတဲ့ ကြိမ်ပင်ကြီးများ ပေါက်ရောက်ရာဒေသကို အစွဲပြုပြီး ကြိမ်ချောင်းကြီးဟု အမည်ပေးခေါ်ဝေါ်ကြတာပါပဲ။ မော်လမြိုင်ကျွန်းမြို့နဲ့ ရေယာဉ်လမ်းဆက်သွယ်ရေးလွယ်ကူပြီး မြတ်သာမြစ်ကြောအတိုင်း ရေမိုင် ၃၅ မိုင်အကွာအဝေးမှာ တည်ရှိပါတယ်။ ယခင်က ကြိမ်ချောင်းကြီးကျေးရွာအုပ်စုအတွင်း ကျေးရွာခွဲ ၄၁ ရွာရှိပြီး ခုတော့ ကျေးရွာ ၂၅ ရွာကို စုစည်းတည်ဆောက်ထားပါတယ်။ မြို့ကွက်ဖော်ထားပြီး လမ်းများကိုလည်း "ပန်း" အမည်ပါသော ပိတောက်လမ်း၊ ခရေလမ်းနှင့် တမာလမ်းဟူ၍ ပေးထားပါတယ်"ဟု ရှင်းလင်းပြောပြသည်။

ဆက်လက်ပြီး ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဦးသိန်းထွေးနှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့ပြန်သည်။ "ကြိမ်ချောင်းကြီးကျေးရွာမှာ မုန်တိုင်းဝင်ရောက်လျှင် ဝင်ရောက်ချင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အဖွဲ့အစည်းပေါင်းစုံနဲ့ ပူးပေါင်းပြီး တက်ညီလက်ညီဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ကျေးရွာက မုန်တိုင်းဒဏ်အလူးအလဲခံရပေမယ့်မမှုပါဘူး။ စုစည်းညီညွတ်မှုနဲ့ စွမ်းဆောင်ခဲ့လို့ အခုဆိုရင် မြင်ရတဲ့အတိုင်းပါပဲ။ ကြိမ်ချောင်းကြီးက ယခင် ကြိမ်ချောင်းကြီး မဟုတ်တော့ပါဘူး။ မြို့ကွက်ဖော်ထားတဲ့ ကြိမ်ချောင်းကြီး စံပြကျေးရွာဖြစ်နေပါပြီ"ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

ကြိမ်ချောင်းကြီးကျေးရွာ၏ ဘုရားလမ်းမကြီးမှာလည်း ဆန်းသစ်တိုးတက်နေသည်။လမ်းမကြီးများကကျယ်ပြောလှသည်။ဘုရားလမ်းမကြီး၏လက်ဝဲဘက်တွင် ဆောက်လုပ်ပြီးစီးနေသော ကျေးလက်လူနေအိမ် ၁၂၀ အား အစီအရီဆောက်လုပ်ထားသည်ကို တွေ့မြင်ရသည်။

ကျေးလက်လူနေအိမ်များတွင် မုန်တိုင်းဒဏ်သင့်ပြည်သူများအား အခြေချနေထိုင်ခွင့်ပေးထားသည်။ လူနေအိမ်များတွင် ပြောင်းရွှေ့နေထိုင် နေကြပြီဖြစ်သည်။ ကျေးလက်နေပြည်သူများမှာ ယခုတော့ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း အဆောက်အအုံများဖြင့် လူနေမှုအခြေမြင့်၊ အသွင်တင့်လာကြပြီ။ ဤမြင်ကွင်းများ ဖြစ်ပေါ်လာအောင် ဆေးခြယ်သရုပ်ဖော်ပေးသူများမှာ HTOO Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့မှ ဝန်ထမ်းများဖြစ်ကြသည်။ မေလကတည်းက ဘိုကလေးမြို့နှင့်ကျေးရွာများတွင်အခြေချနေထိုင်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိပင်ဖြစ်သည်။

ယခုအခါ ကြိမ်ချောင်းကြီးဟု နာမည်ကျော်ကြားလာခြင်းမှာလည်း ကြိမ်ချောင်းကြီးကို ကျောထောက်နောက်ခံပြုသော ပဒဲကော၊ ချောင်းပြဲကြီး၊ ဘင်္ဂလား၊ ဆတ်ကျွန်းနှင့် ငွေချောင်းကြီးစသော ဒေသခံကျေးရွာကြီးများက နယ်မြေကျယ်ဝန်းသောကြောင့် ဖြစ်သည်။ ကြိမ်ချောင်းကြီးကျေးရွာအုပ်စုတွင် ဇူလိုင် ၃၀ ရက်အထိ မိုးစပါး ၁၅၁၆၄ ဧက စိုက်ပျိုးပြီးစီးနေပြီး ဆက်လက်စိုက်ပျိုးဆဲရှိနေသည်။စာရေးသူ ကြိမ်ချောင်းကြီးသို့အလာခရီးတွင် ဘင်္ဂလား၊ သံထိုးဝါ၊ စိန်တုန်းလဲ စသော ကျေးရွာကြီးများကို ဖြတ်ကျော် ခုတ်မောင်းခဲ့ရာ ကြိမ်ချောင်းကြီး တစ်ခွင်တစ်ပြင်လုံးတွင် စိုက်ပျိုးပြီးလယ်မြေများနှင့် စပါးစိုက်ပျိုးဆဲ လယ်ယာစိုက်ခင်းတို့ကိုလည်း တွေ့မြင်ခဲ့ရသည်။

ခြုံ၍ဆိုရပါလျှင် ဖွံ့ဖြိုးတိုးတက်လာသော ကြိမ်ချောင်းကြီးဒေသ၏ ပြန်လည်ထူထောင်တည်ဆောက်မှု မြင်ကွင်းများသည်ကား အပြောမဟုတ် လက်တွေ့ဖြင့် သက်သေထူပြနေပြီဖြစ်ရာ နိုးကြားတက်ကြွသော ပြည်သူများ၏ စုစည်းညီညွတ်သော အမျိုးသားရေး စိတ်ဓာတ်များဖြင့် အချိန်တိုကာလအတွင်း ပြန်လည်ထူထောင် တည်ဆောက်နိုင်ခြင်းပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကြိမ်ချောင်းကြီးကျေးရွာ လူနေအိမ်များ

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် Htoo Trading Co. ,Ltd. နှင့် Air Bagan Co.,Ltd. တို့မှ ဆောက်လုပ်ပေးထားသည့် လူနေအိမ်များကို တွေ့ရစဉ်။

ဂျပန်နိုင်ငံ တိုကျိုမြို့ ဟာရူမီဆိပ်ကမ်းသို့ ချစ်ကြည်ရေးခရီးဆိုက်ရောက်လာသော တောင်ကိုရီးယား ရေတပ်စစ်သင်္ဘောနှစ်စင်းကို စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုဘားမားနှင့် မက်ကိန်း အိမ်ဖြူတော်ရောက်ရန် ဖြစ်နိုင်ခြေညီမျှနေ

စိန့်ပေါလ် စက်တင်ဘာ ၃

အမေရိကန် ပြည်ထောင်စု ရီပတ်ဘလီကန်ပါတီ၏ အမျိုးသား ညီလာခံကို မင်နီဆိုတာပြည်နယ်၊ စိန့်ပေါလ်မြို့၌ကျင်းပရန်နီးကပ်သည့် အချိန်တွင် ဘာရက်အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့၏ သမ္မတယှဉ်ပြိုင်ပွဲကို လေ့လာထားသော စစ်တမ်းတစ်ခု တနင်္လာနေ့က ထုတ်ပြန်သည်။ ယင်းစစ်တမ်းတွင် သမ္မတလောင်းနှစ်ဦး၏ အနိုင်ရရှိနိုင်မှု အလားအလာမှာ ညီတူညီမျှ ဖြစ်နေကြောင်းတွေ့ရသည်ဟုဆိုသည်။

ပြုစုထား

စီအင်န်အင်န်က ထုတ်ပြန်သော အဆိုပါစစ်တမ်းတွင် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဘာရက် အိုဘားမား၊ ဒုတိယသမ္မတလောင်း ဂျိုးဘိုင်ဒင်းနှင့်ရီပတ်ဘလီကန်သမ္မတလောင်းဂျွန်မက်ကိန်းနှင့်ဆာရာပါလင်တို့တွင် မည်သည့်အတွဲကမျှ အသာစီးမရရှိ ဘဲဖြစ်နေသည်။ အိုဘားမားအတွဲက ၄၉ ရာခိုင်နှုန်းရပြီး ဂျွန်မက်ကိန်း အတွဲက ၄၈ ရာခိုင်နှုန်းရသည်။ ကွာခြားချက် ၁ ရာခိုင်နှုန်းသည် မှားယွင်းမှု ဖြစ်နိုင်ခြေဘောင်အတွင်းမှာရှိသည်။ ယခုစစ်တမ်းကို လွန်ခဲ့သော သောကြာနေ့မှ တနင်္ဂနွေနေ့အထိ ကာလအတွင်း မဲဆန္ဒရှင် ၉၂၇ ဦးတို့အား မေးမြန်းလေ့လာကာ ပြုစုထားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာနိုင်ငံရှိ မြစ်အတွင်းနစ်မြုပ်ခဲ့သည့် ဆိုင်ယာနိုက်ဘူးများ ရေငုပ်သမားများ ဆယ်ယူရရှိ

ဘိုဂိုတာ စက်တင်ဘာ ၃

ကိုလံဘီယာနိုင်ငံရှိ မက်ဒါလီနာမြစ်အတွင်း ကူးတို့သင်္ဘောတစ်စင်း စနေနေ့နံနက်အစောပိုင်းက မတော်တဆဖြစ်ပွားခဲ့ပြီး ဆိုင်ယာနိုက်အဆိပ်ဘူးများမြစ်အတွင်းနစ်မြုပ်ခဲ့ရာ ကိုလံဘီယာစစ်ဘက်မှ ရေငုပ်သမားများက ဘူး ၁၀၀ ပထမဆုံး အကြိမ်အဖြစ် ပြန်လည်ဆယ်ယူရရှိခဲ့သည်။

ပြန်လည်ဆယ်ယူခဲ့သည့် ဆိုင်ယာနိုက်ဘူးများသည် ပျက်စီးမှုမရှိသေးသည်မှာ သတင်းကောင်းဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဂျူအန်လိုဇန်နို က ပြောကြားသည်။

ဆိုင်ယာနိုက်ဘူးများ၏အခြေအနေသည် ကောင်းမွန်ပြီး ကျန်ဘူးများကို မကြာမီအတွင်း ဆယ်ယူရရှိမည်ဟု ၎င်းကပြောကြားသည်။

ပိတ်ပင်ထား

ကိုလံဘီယာနိုင်ငံ အယ်လ်ဆီဇာပြည်နယ်ရှိ ဂါမာရာမြို့အနီးရှိ မြစ်အတွင်း ထရပ်ယာဉ် ခုနစ်စီးထက် မနည်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ နစ်မြုပ်သွားသည့် ထရပ်ယာဉ်တစ်စီးတွင် ဆိုင်ယာနိုက်နှင့်အခြားလောင်စာများရှိနေရာ အန္တရာယ်ဖြစ်မည်စိုး၍ မြစ်တွင်းရှိ ရေသွယ်တံတား အားလုံးကို ပိတ်ပင်ထားခဲ့ရသည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် မောင်းနှင်နေစဉ် သေနတ်ထိမှန်ခံရသော ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွပ်ရာဇာဂီလာနီ၏ မော်တော်ယာဉ်ကို စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့လူဦးရေအများစု သန့်ရှင်းသောသောက်သုံးရေမရ

ဇာရာဂိုဇာ(စပိန်) စက်တင်ဘာ ၂

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကကမ္ဘာတစ်ဝန်းလုံးတွင် လူဦးရေ တစ်ဘီလီယံသည် သန့်ရှင်းသော သောက်သုံးရေရရှိရန် အခက်အခဲဖြစ်နေကြောင်း၊ နိုင်ငံများသည် မိမိတို့၏ သန့်ရှင်းရေးဆိုင်ရာ ရည်မှန်းချက်ပြည့်မီရန် ပိုမိုကြိုးစားရန်လိုကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များတွင် သန့်ရှင်းရေးနှင့် ရေရရှိရေးသည် အောင်မြင်မှုရရှိရန် တိုးတက်မှုများ ရှိနေသည်။ သို့သော် လုံလောက်မှု မရှိကြောင်း စပိန်နိုင်ငံမြောက်ပိုင်း ဇာရာဂိုဇာမြို့၌ ကျင်းပသော နိုင်ငံတကာ သောက်သုံးရေဆိုင်ရာဆွေးနွေးပွဲတွင် ဘန်ကီမွန်းက ထည့်သွင်းပြောကြားသွားသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ကကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ လက်မှတ်ရေးထိုးခဲ့သော ရည်မှန်းချက်များတွင် ၂၀၁၅ ခုနှစ်၌ လူအများသည် အန္တရာယ်ကင်းစင်သော သောက်သုံးရေရရှိရန် ပါဝင်သည်။ ထိုရည်မှန်းချက်တွင် ရေကောင်းရေသန့် သောက်သုံးနိုင်သူဦးရေ တိုးလာရန်ရည်မှန်းထားသည်။ သို့သော် ယခုအချိန်ထိ ၁၀ ရာခိုင်နှုန်းသာ ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ရသည်မှာ လူဦးရေ တိုးပွားလာခြင်းနှင့် ဆင်းရဲခြင်းတို့ကြောင့် ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ကမ္ဘာတွင် ပြည်သူ တစ်ဒသမ နှစ်ဘီလီယံသာလျှင် ၁၉၉၀ ပြည့်နှစ်မှစ၍ သန့်ရှင်းသော သောက်သုံးရေကို ရရှိသည်။ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ပြည့်နှစ်ခန့်တွင် ခြောက်ဒသမငါးဘီလီယံမှ ကိုးဘီလီယံအထိ တိုးတက်လာမည်ဖြစ်၍သန့်ရှင်း သောသောက်သုံးရေလိုအပ်မှုလည်း ပိုမိုကြီးမားလာမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂူစတပ်မုန်တိုင်း အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းလဲ အင်အားပျော့ပျက်ပြယ်နိုင်

ဟူစတန် စက်တင်ဘာ ၃

ဟာရီကိန်း ဂူစတပ်မုန်တိုင်းသည် အပူပိုင်းဒေသမုန်တိုင်းအဖြစ်သို့ပြောင်းလဲကာ လောလောဆယ် ဖြည်းညင်းစွာ အင်အားလျော့နည်းလာကြောင်း၊ နောက်တစ်ရက်ကျော်တွင် တက္ကဆက်နှင့် လူဝီစီးယားနားဒေသအတွင်းသို့ ဝင်ရောက်ကာ အင်အားပျော့ပျက်ပြယ်သွားမည်ဖြစ်ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းလေ့လာရေးဗဟိုကတနင်္လာနေ့တွင် ပြောကြားသည်။

စက်တင်ဘာ ၁ ရက် စောစောပိုင်းက တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့် လူဝီစီယားနား ကမ်းရိုးတန်းသို့ အင်အားအဆင့် နှစ်ရှိ ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခဲ့ကြောင်းဟာရီကိန်းလေ့လာရေးဗဟိုက ပြောကြားသည်။

အင်အား ဆက်လက်လျော့နည်းမည်ဟု ခန့်မှန်းထားပြီး ဂူစတပ်သည် စက်တင်ဘာ ၂ ရက်တွင် အပူပိုင်းမုန်တိုင်းအဆင့်သို့ လျော့ကျသွားမည်ဖြစ်ကြောင်း တိုင်းတာရရှိသည်ဟု မီယာမီအခြေစိုက် ဟာရီကိန်းလေ့လာရေးဗဟိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့ပါကစ္စတန်တွင် ယာဉ်မတော်တဆမှုဖြစ် လူ ၁၂ ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂

အရှေ့ပိုင်း ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ယာဉ်မတော်တဆမှု ဖြစ်ပွားရာ ကလေးငယ်ခြောက်ဦး အပါအဝင် လူ ၁၂ ဦး တနင်္ဂနွေနေ့က သေဆုံးကြောင်း ပါကစ္စတန် ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။ ဘတ်စ်ယာဉ်မောင်းက ဆန့်ကျင်ဘက်အရပ်မှ မောင်းလာသည့် လန်ချားကို ရှောင်တိမ်းရန် ကြိုးပမ်းရာမှ ယာဉ်မတော်တဆ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဘတ်စ်ယာဉ်သည် ရေမြောင်းအတွင်း ထိုးကျခဲ့ရာလူ ၁၂ ဦး သေဆုံးပြီး အခြားလူ ၆၀ ဒဏ်ရာရရှိသည်။

သက်ဆိုင်ရာက ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသရန် ဆေးရုံသို့ တင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာ၌ကားဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ ၂၀ ဒဏ်ရာရရှိ

ဘိုဂိုတာ စက်တင်ဘာ ၂

ကိုလံဘီယာနိုင်ငံ ကာလီမြို့၌ သူပုန်များက ကားဗုံးဖောက်ခွဲခဲ့ရာ လူလေးဦးသေဆုံးပြီး၂၀ ဝန်းကျင်ခန့် ဒဏ်ရာရရှိသွားကြောင်း၊ ယခုနှစ်၌ မြို့တွင်းတိုက်ခိုက်မှုများတွင်အဆိုးရွားဆုံးဖြစ်ပျက်မှုဖြစ်ကြောင်း တာဝန်ရှိသူကတနင်္လာနေ့တွင်ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် တရားရုံး အဆောက်အအုံ၏ အထပ်အချို့နံရံများပြိုအက်ခဲ့ပြီး အနီးဝန်းကျင်ရှိ ကုန်စုံဆိုင်များပျက်စီးခဲ့ရသည်။ အဆိုပါ တိုက်ခိုက်မှုသည် ကိုလံဘီယာသူပုန်အုပ်စု လက်ချက်ဖြစ်သည်ဟု တာဝန်ရှိသူများက အပြစ်တင်ထားသည်။ သမ္မတ အယ်ဗာရိုယူရီဘီက ကျေးရွာများနှင့် တောင်တန်းဒေသအစွန်အဖျားအတွင်းရှိ သူပုန်များကို တိုက်ထုတ်ရန်အတွက် တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်။ ယင်းကဲ့သို့ဆောင်ရွက်မှုကြောင့် ကိုလံဘီယာနိုင်ငံသည် နှစ် ၄၀ ကြာ တိုက်ခိုက်မှုများမှ လျော့နည်းလာကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပြန်ပေးဆွဲခံ အစ္စရေးကုမ္ပဏီဝန်ထမ်း နိုင်ဂျီးရီးယား သေနတ်သမားများပြန်လွှတ်

ပို့ဟာကုတ် (နိုင်ဂျီးရီးယား) စက်တင်ဘာ ၃

နိုင်ဂျီးရီးယားနိုင်ငံ ရေနံမြေဒေသရှိ နေအိမ်မှ ရက်သတ္တပတ်နီးပါးကြာ ပြန်ပေးဆွဲခံရပြီးနောက် စက်တင်ဘာ ၁ရက်တွင်အစ္စရေးသားစာခံတစ်ဦးအား နိုင်ဂျီးရီးယား သေနတ်သမားများက ပြန်လွှတ်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဩဂုတ် ၂၆ရက်က ပို့ဟာကုတ်မြို့ တောင်ပိုင်းရှိ အစ္စရေးဆောက်လုပ်ရေးကုမ္ပဏီ ဂဲလ်မောအင်ဂျင်နီယာလီမိတက်၌ အလုပ်လုပ်နေသော အသက် ၆၀ အရွယ်ရှိ စီမံကိန်းမန်နေဂျာကို သေနတ်သမားများက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ရေကြီးနေသောဒေသနေ ပြည်သူအချို့ ပိုင်ဆိုင်ပစ္စည်းများနှင့်အတူ ရေလွတ်ရာသို့ ရွှေ့ပြောင်းနေကြသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံ တကာ သတင်း များ

သီရိလင်္ကာနိုင်ငံတွင်တမီးလ် ပြောက်ကျားများ ကြီးစိုးထားရာ မာလာဗီဒေသကိုအစိုးရတပ်ဖွဲ့ များသိမ်းပိုက်အပြီး စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားထံမှ ဒုံးကျည်များ မဝယ်ကြောင်း အီရန်ငြင်းဆို

တီဟီရန် စက်တင်ဘာ ၂

အီရန်နိုင်ငံသည် ယခုနှစ်ကုန်ပိုင်းတွင် ရုရှားနိုင်ငံမှ ပေးပို့သောလက်နက်များကို လက်ခံရရှိလိမ့်မည်ဟု အစ္စရေးကာကွယ်ရေးဌာနမှ သတင်းများ ထွက်ပေါ်လာသည်။ သို့သော် ထိုသတင်းများမှာ ဟုတ်မှန်ခြင်း မရှိဟုဆိုသည်။ အီရန်နိုင်ငံသည် ရုရှားတို့၏ ခေတ်မီသော အက်စ်-၃၀၀ လေယာဉ်ပစ် ဒုံးကျည်စနစ်ကို ဝယ်ယူခြင်း မရှိကြောင်း ငြင်းဆိုလိုက်သည်။

အခက်အခဲရှိနိုင်

အစ္စရေး သို့မဟုတ် အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများနှင့် ယင်းတို့နှင့်ဆိုင်သော နေရာများကို ဗုံးကြဲတိုက်ခိုက်မည်ဆိုလျှင် အကယ်၍ အီရန်နိုင်ငံလက်ဝယ်၌ ရုရှားလုပ်အက်စ်-၃၀၀ ဒုံးကျည်များ ရှိနေပါက တိုက်ခိုက်သူများအတွက် အခက်အခဲရှိနိုင်ကြောင်း ဥရောပနှင့် အမေရိကန် ကျွမ်းကျင်သူများက ပြောကြားသည်။

ရုရှားထံမှ အက်စ်-၃၀၀ ဒုံးကျည်များအပါအဝင် ဒုံးကျည်များဝယ်ယူခြင်းရှိ၊ မရှိ မေးမြန်းရာ အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟတ်ဆန်ကွပ်ရှ်ကာဗီက ယင်းသတင်းမမှန်ပါဟု ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ ဒုံးကျည်နှင့် နည်းပညာအရည်အသွေးသည် အီရန်နိုင်ငံ၏ သိပ္ပံပညာအရည်အသွေးပေါ်မှာ လုံးဝတည်နေကြောင်း၊ ယင်းစွမ်းရည်များကိုလည်း ပြသပြီးဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **အင်တာနက်။**

ဘာလင်မြို့ အီလက်ထရွန်နစ်ပစ္စည်းပြပွဲတွင် ဟွန်ဒိုင်းမှပစ္စည်းများ အကောက်ခွန်ဌာနမှ သိမ်းဆည်း

ဘာလင် စက်တင်ဘာ ၂

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိအပြည်ပြည်ဆိုင်ရာ အီလက်ထရွန်နစ် ပြပွဲတွင် တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းကော်ပိုရေးရှင်းမှ ပြသထားသော မှန်အပြားသုံး ရုပ်မြင်သံကြားစက်များကို ဂျာမနီအကောက်ခွန်ဌာနက စနေနေ့တွင် ဖမ်းဆီးလိုက်သည်။

ဂျာမနီနိုင်ငံ၌ ပြုလုပ်သည့် ကမ္ဘာ့အကြီးဆုံး အီလက်ထရွန်နစ်ပစ္စည်းပြပွဲတွင်ပါဝင်ပြသကြသည့်အရှေ့အာရှနှင့်ဥရောပမှကုမ္ပဏီအချို့သည်ဂျာမနီတွင်လိုင်စင်မပြုလုပ်ထားသောပစ္စည်းအချို့ကိုရောင်းချနေကြောင်းသိရသည်။ သို့ဖြစ်၍ လိုင်စင်မရှိသောပစ္စည်းများကို ဖမ်းဆီးရန် ဂျာမန် တရားရုံးက ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည်။

ပြပွဲတွင်ပြသနေသော ကုမ္ပဏီများသည် ပစ္စည်းရောင်းချခွင့် ရှိကြောင်း လိုင်စင်အထောက်အထားကိုတင်ပြရမည်ဖြစ်သည်။ အကယ်၍ ရောင်းချခွင့်လိုင်စင် အထောက်အထားကို တင်ပြနိုင်ခြင်းမရှိပါက ပစ္စည်းများကို အကောက်ခွန်ဌာနက သိမ်းဆည်းမည်ဖြစ်သည်ဟုပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။ ထိုပြပွဲမှ မှန်အပြားသုံး ရုပ်မြင်သံကြားပြစက်အလုံး၁၇၀၊အမ်ပီသရီးစက်အလုံး ၁၄၀၊ လက်ကိုင်ဖုန်း ၂၀ လုံးနှင့် ဒီဗွီဒီပြစက် ၅၇ လုံးတို့ကို အကောက်ခွန်ဌာနမှသိမ်းဆည်းသွားကြောင်း ရိုက်တာသတင်းအရ သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

နိုင်ဂျီးရီးယား အဝေးပြေးလမ်း၌ ယာဉ်တိုက်မှုဖြစ်

ဗျူနိုအေရီ စက်တင်ဘာ ၂

အာဂျင်တီးနားနိုင်ငံ အနောက်မြောက်ပိုင်း အဝေးပြေးလမ်းတွင် တနင်္ဂနွေနေ့က ခရီးသည်တင်ဘတ်စ်ကားသည် ဗင်ကားကို ဝင်ရောက်တိုက်မိရာ ဗင်ကားပေါ် လိုက်ပါလာသူ ရှစ်ဦးသေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ကောရန်တက်စ်ပြည်နယ် ကူယူဇူကူယာတီယာမြို့အနီး အမှတ် ၁၄ အဝေးပြေးလမ်းတွင် တနင်္ဂနွေနေ့ နံနက်ပိုင်းက အဆိုပါ ယာဉ်တိုက်မှုဖြစ်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှု ဖြစ်ပွားချိန်တွင် လမ်းယာဉ်ကြောအခြေအနေမှာလည်း ကောင်းနေပြီး မြင်ကွင်းမှာလည်း ရှင်းနေကြောင်းသိရသည်။ ဗင်ကားပေါ်လိုက်ပါလာသူများမှာ နေရာတွင်ပင်သေဆုံးခဲ့ကြောင်း၊ ယာဉ်တိုက်မှုဖြစ်ရခြင်း၏အကြောင်းရင်းကိုအာဏာပိုင်များက ကြိုးပမ်းဖော်ထုတ်လျက်ရှိကြောင်းသတင်း၌ဖော်ပြထားသည်။

မစ်စီအွန်ပြည်နယ်ဗျူနိုအေရီမြို့မှ ပွားတိုသို့ ခရီးနှင်နေသော ဘတ်စ်ကားပေါ်၌ လိုက်ပါလာသူများသည် အဆိုပါယာဉ်တိုက်မှုတွင်အသက်ဘေးအန္တရာယ်မှလွတ်မြောက်သွားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ် စိန့်ပေါလ်အရပ်တွင် ရီပတ်ဘလီကန်ပါတီက ပါတီပိုင်းဆိုင်ရာ ကွန်ဗင်းရှင်းကို ကျင်းပလျက်ရှိရာ ဆန့်ကျင်သူများရန်ကို ကာကွယ်သောအားဖြင့် ချထားသောလုံခြုံရေး အစောင့်အရှောက်များကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာရာဇီးနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးပိုငွေ ဩဂုတ်လတွင် လေးပုံတစ်ပုံကျဆင်းသွား

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂

ဘာရာဇီးနိုင်ငံ၏၂၀၀၈ခုနှစ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးပိုငွေသည် အမေရိကန်ဒေါ်လာ ၂ဒသမ ၂ဘီလီယံ ရှိသည်။ ထိုပမာဏသည် ယခင်နှစ်အလားတူကာလ ကုန်သွယ်ရေးပိုငွေနှင့်နှိုင်းဆလျှင် ၂၄ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းလာခြင်း ဖြစ်ကြောင်း စက်တင်ဘာလတွင် ထွက်ပေါ်လာသောလုပ်ငန်း အစီရင်ခံစာက ဖော်ပြသည်။

ထိုအစီရင်ခံစာကို ဘာရာဇီးနိုင်ငံဖွံ့ဖြိုးရေးစက်မှုနှင့်ကုန်သွယ်ရေးဌာနက ပြုစုခြင်းဖြစ်သည်။ ဩဂုတ်လအတွက် တင်ပို့ကုန်မှ ရရှိသောဝင်ငွေသည် အမေရိကန်ဒေါ်လာ၁၉ ဒသမ ၇ ဘီလီယံရှိသည်။ ထိုပမာဏသည် ယခင်နှစ် အလားတူ အချိန်ကထက် ၄၃ဒသမ ၂ ရာခိုင်နှုန်း ပိုမိုလာသည်။

သွင်းကုန်တန်ဖိုးမှာ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၁၇ဒသမ ၄ဘီလီယံရှိသည်။ ယခုနှစ် အတွင်းတွင် သွင်းကုန်တန်ဖိုး ဒုတိယအဖြစ် ဆက်တိုက်မြင့်တက်လာခြင်းပင်ဖြစ်သည်။

ဇန်နဝါရီမှ ဩဂုတ်အထိ ကာလအတွင်း လစဉ်ရရှိသောကုန်သွယ်ရေးပိုငွေများ၏ စုစုပေါင်း ပမာဏသည် ၁၆ ဒသမ ၉ ဘီလီယံ အထိရှိသည်ဖြစ်ရာ အရောင်းအဝယ်ရှိသော နေ့တစ်နေ့၏ ပျမ်းမျှကုန်သွယ်ရေး ပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၁ဒသမ ၂သန်းရှိသည်။ **အင်တာနက်။**

ကင်ညာနိုင်ငံမြောက်ပိုင်းတွင် ကျွဲ၊ နွားများကို ဝင်ရောက်လုယက်မှုကြောင့် လူ ၁၀ ဦး သေဆုံး

နိုင်ရိုဘီ စက်တင်ဘာ ၂

ဘူဒန်နိုင်ငံတောင်ပိုင်းတိုပိုဘာမြို့မှ ကျွဲ၊နွားသူခိုးဟု ယူဆရသူများကြောင့် ကင်ညာနိုင်ငံမြောက်ပိုင်းခရိုင် တာကာနာမြို့၌ ၁၀ ဦးထက်မနည်း သေဆုံးပြီး လူများစွာ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

၎င်းဒေသမှ အုပ်ချုပ်ရေးမှူး၏ အဆိုအရ ကျွဲ၊ နွားသူခိုးများသည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် သေနတ်များဖြင့် မိုဂီလာဒေသရှိ လော့ကီချိုဂီယိုတိုင်းအတွင်းဝင်ရောက်ပစ်ခတ်ကာ ကျွဲ၊ နွား ၇၃၂ ကောင်ကို ခိုးယူသွားခဲ့သည်။

ထက်ကြပ်မကွာ

တာကာနာ မြောက်ပိုင်းခရိုင် မင်းကြီးဂျက်အိုဘူဂူက လူမည်မျှသေသည်ကို သေချာအောင်လေ့လာစိစစ်ဆဲဖြစ်ကြောင်း၊ အခင်းဖြစ်ပွားသည့်ဒေသတွင် တနင်္ဂနွေနေ့က တင်းမာမှုများ ဖြစ်ပေါ်နေကြောင်း၊ ကျွဲ၊နွားသူခိုးများနောက်သို့ ထက်ကြပ်မကွာလိုက်နေသည်ဟု ရဲအရာရှိက ပြောကြားသည်ဟုဆိုသည်။

ကျွဲ၊ နွားသူခိုးများနှင့် ဒေသခံများ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားရာ ဒေသခံရှစ်ဦးသေဆုံးပြီး ကျွဲ၊နွားသူခိုးဘက်မှ နှစ်ဦးသေဆုံးကြောင်း၊ ထို့အပြင် လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **အင်တာနက်။**

ရာထူးမှနုတ်ထွက်သွားသော ဂျပန်ဝန်ကြီးချုပ် ရာဆူအိုဖူကူဒါနေရာတွင် ဆက်ခံကောင်းဆက်ခံမည်ဟု ယူဆရသော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ အထွေထွေအတွင်းရေးမှူး ကာရိုအာဆိုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေလွှမ်းမိုးမှုအခြေအနေပိုမိုဆိုးရွားလာလျက်ရှိ

ဒါကာ စက်တင်ဘာ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေလွှမ်းမိုးမှုအခြေအနေ ပိုမိုဆိုးရွားလာလျက်ရှိသည်ဟု ကျွမ်းကျင်သူများက ပြောကြားကြောင်း၊ ရေလွှမ်းမိုးမှု အခြေအနေသည် နောက်နှစ်ရက်ထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသရှိ ပြည်သူထောင်ချီ၍ ရေလွှမ်းမိုးမှုဒဏ် ခံနေရသည်ဟု ဒေးလီးစတား သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

မြင့်လာနိုင်

အဓိကမြစ်ကြီးများအားလုံး၏ မြစ်ရေတက်မှုအဆင့်သည် နောက်သုံးရက်ကြာသည့်တိုင် ဆက်လက်မြင့်တက်နေဦးမည်ဟုဆိုသည်။ မြစ်ရေတိုးလာသည့် ပမာဏသည် တစ်ရက်လျှင် ခြောက်လက်မခန့် မြင့်လာနိုင်ကြောင်း ခန့်မှန်းထားသည်။ ခရိုင်ပေါင်း ၆၄ ခရိုင်ရှိသည့်အနက် မြောက်ပိုင်းရှိ ခရိုင်ပေါင်း ၂၀ တွင် ရေကြီးမည့်အခြေအနေများ ဖြစ်ပေါ်မည်ဖြစ်သည်ဟု တနင်္ဂနွေနေ့ကကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နောက်ထပ် ၄၈ နာရီအတွင်း အရေးကြီးဆုံးအခြေအနေ ဆက်လက်ဖြစ်ပေါ်နေလျှင်ရေကြီးမှုအခြေအနေသည် ၁၉၈၈ခုနှစ်နှင့် ၁၉၉၈ခုနှစ်များကကဲ့သို့ ဆိုးရွားသွားနိုင်သည်ဟု သတိပေးရေးဌာန(အက်ဖ်အက်ဖ်ဒဗလျူစီ)မှ ညွှန်ကြားရေးမှူးဖြစ်သူ အင်ဂျင်နီယာ စိန့်ဖူးလ်အစ်စလန်က ပြောကြားသည်။ **အင်တာနက်။**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထူးဆောင်းပါး

သက်ရှည်ကျန်းမာဖို့ စာဖတ်ကြပါစို့

ဦးအောင်ကျော်ကျော်
(ကျန်းမာရေးပညာ)

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၏။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းစာတတ်မြောက်ရေးသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံတကာကလည်း စုပေါင်းဆောင်ရွက်နေ၏။ ၁၉၉၀ ပြည့်နှစ်ကို နိုင်ငံတကာစာတတ်မြောက်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ထို့အတူ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို **'ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်'** အဖြစ် ဆုံးဖြတ်သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ယူနက်စကို၊ ယူနီဆက်၊ ယူအင်န်ဒီပီ၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့စသည်တို့က စုစည်းဦးဆောင်လျက် လူတိုင်းအတွက် စာတတ်မြောက်ရေး (Literacy For All) ရည်မှန်းချက်များကို ချမှတ်အကောင်အထည်ဖော်လျက် ရှိပါသည်။

သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသော စာရင်းဇယားများအရ အရွယ်ရောက်ပြီး ကမ္ဘာ့စာမတတ်သူဦးရေမှာ သန်းပေါင်း ၇၀၀ ကျော်ရှိပြီး ကလေးသန်း ၇၀ ကျော်မှာလည်း ကျောင်းမနေနိုင်သေးပေ။ သို့ဖြစ်ရာ စာတတ်မြောက်ရေးသည် လူသားတို့က ဖြည့်ရန်လိုအပ်သေးသည့် သမိုင်းကွက်လပ်တစ်ခုပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေး မော်ကွန်းအရ မြန်မာတို့စာတတ်မြောက်မှုသည် တစ်နှစ်ထက် တစ်နှစ်၊ တစ်ခေတ်ထက် တစ်ခေတ်မြင့်မားလာသည်ကို တွေ့ရှိရပါသည်။ လွတ်လပ်ပြီးစ(၁၉၄၈ ခုနှစ်)ပြည်ထောင်စုမြန်မာနိုင်ငံ၌ လူဦးရေ ၁၇သန်းခန့်ရှိပြီး ယင်းတို့အနက် လူ ၁၀၀လျှင် ၃၅ ယောက်သာ စာတတ်၍ ၆၅ယောက်မှာ စာအလျဉ်းမတတ်ကြပေ။ သို့သော် ၂၀၀၈ ခုနှစ်သို့ ရောက်ရှိသောအခါ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ဖြစ်ထွန်းခဲ့၏။ စာတတ်မြောက်မှု ငွေလမင်းသည် နယ်စပ်ဒေသပါမကျန် ထိန်ထိန်ဝင်းခဲ့၏။ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်၏။ နိုင်ငံတော်ကိုခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ပညာစွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်နိုင်ခြင်း၏ သင်္ကေတတစ်ခုပင်ဖြစ်၏။ အခြေခံပညာကိုလူတိုင်းသင်ယူနိုင်စွမ်း ရရှိစေရမည်ဟူသော နိုင်ငံတော်၏ပညာရေးမူဝါဒကိုလက်တွေ့အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်၏။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး လူမှုရေးဦးတည်ချက်ပန်းတိုင်သို့ အားသွန်ကြိုးပမ်း ဦးတည်ဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။

'ပညာအလင်းရောင် စာပေဆီမီးတန်ဆောင်' ကား နိုင်ငံသားတိုင်း၏ ရင်တွင်း၌ ထွန်းပနေ၏။ **'စာမတတ်သူ တို့ဝိုင်းကူ'**ဆိုသည့်အတိုင်း အလှူမလို အပိုမကြွားသည့် စေတနာစာသင်ဝိုင်းတို့ ဝေဆာနေ၏။ လယ်ကွင်းကိုဖြတ်၊ ရိုးဖြတ်ကိုကျော်ကာ စာတတ်မြောက်ရေး သမိုင်းစာမျက်နှာသစ်များ ပေါ်ထွန်းနေသည်။ မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို ရှာဖွေမပြတ်၊ စုပေါင်းဖတ်နေကြ၏။ ကျေးရွာများအထိ လက်လှမ်းမီကာ ရပ်ရွာဖွံ့ဖြိုးရေး၊ ဘဝတိုးတက်ရေးအတွက် အားပေးသည့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၂၀၀၆ ခုကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။

'ပညာအလင်းရောင် စာပေဆီမီးတန်ဆောင်' ကား နိုင်ငံသားတိုင်း၏ ရင်တွင်း၌ ထွန်းပနေ၏။ 'စာမတတ်သူတို့ဝိုင်းကူ' ဆိုသည့်အတိုင်း အလှူမလို အပိုမကြွားသည့် စေတနာစာသင်ဝိုင်းတို့ဝေဆာနေ၏။ လယ်ကွင်းကိုဖြတ်၊ ရိုးဖြတ်ကိုကျော်ကာ စာတတ်မြောက်ရေး သမိုင်းစာမျက်နှာသစ်များ ပေါ်ထွန်းနေသည်။ မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို ရှာဖွေမပြတ်၊ စုပေါင်းဖတ်နေကြ၏။ ကျေးရွာများအထိ လက်လှမ်းမီကာ ရပ်ရွာဖွံ့ဖြိုးရေး၊ ဘဝတိုးတက်ရေးအတွက် အားပေးသည့်ရပ်ရွာ ပညာပဒေသာဌာနပေါင်း ၂၀၀၆ ခုကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်။

အဆင့်အတန်းမရွေး၊ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး၊ အချိန်ကာလမရွေး မည်သူမဆို မိမိလိုချင်သော အသိပညာနှင့် ကျွမ်းကျင်မှုအမျိုးမျိုးကို အလွယ်တကူ သင်ယူနိုင်ပါသည်။ စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်၊ ဘဝသာယာရေးအစီအစဉ်၊ အနာဂတ်ဦးတည်ပညာရေးအစီအစဉ်၊ ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ်စသည့် စဉ်ဆက်ပညာရေးအစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရပ်ရွာနှင့် ပူးပေါင်းဆောင်ရွက်သည့်အတွက် တက်ကြွစွာပူးပေါင်းပါဝင်မှုများ ရရှိနေပြီဖြစ်သည်။

ကမ္ဘာ့စာတတ်မြောက်ရေးမော်ကွန်းတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများလည်းပါဝင်၏။ ၁၉၆၅ခုနှစ် စက်တင်ဘာလ ၈ရက်မှ ၁၉ ရက်အထိ အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ စီးပွားရေး၊ လူမှုရေးပညာရှင်များနှင့် ပါရဂူများတက်ရောက်ခဲ့ကြသည့် ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်တစ်ရပ်ကိုကျင်းပခဲ့၏။ နိုင်ငံတကာစာတတ်မြောက်ရေးကြိုးပမ်းမှု ထိရောက်ထက်မြက်အောင်မြင်ရေးအတွက် ဦးတည်ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ကုလသမဂ္ဂပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ (United Nations Educational Scientific and Cultural Organization-UNESCO)က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်၏။ ၁၉၆၆ခုနှစ် ယူနက်စကို အထွေထွေညီလာခံကြီးက နှစ်စဉ်နှစ်တိုင်း စက်တင်ဘာလ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် တညီတညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ၁၉၆၉ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ နှစ်အလိုက်ဆောင်ပုဒ်များ သတ်မှတ်ပေးခဲ့ရာ ယခု ၂၀၀၈ ခုနှစ် ဆောင်ပုဒ်မှာ Literacy is the best Remedy **'စာတတ်မြောက်ရေးဝိုင်းကူပေး အကောင်းဆုံးသော ကုသရေး'** ဖြစ်သည်။

'အနုပညာစာပေမှာ ပေါင်းလာဝပ်စင်း ကျန်းမာခြင်း' ဆိုသကဲ့သို့ စာပေတန်ဆောင်သည် ကျန်းမာရေးအလင်းရောင်ဖြစ်၏။ ရောဂါအမှောင်ကို ခွင်းနိုင်သည်။ အသိ(knowledge)၊ သဘောထား(attitude)နှင့် အလေ့အကျင့် (practice)ကို အခြေခံထားသော ကျန်းမာရေးပညာကို အခြေခံစာတတ်မြောက်ရေးသာမက စဉ်ဆက်ပညာရေးတွင်ပါ ထည့်သွင်းထား၏။ အထူးသဖြင့် ကူးစက်ရောဂါကာကွယ်မှုအတွက် စာတတ်မြောက်ခြင်းသည် အဓိကသော့ချက်ဖြစ်သည်။ အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားစသည့် ကူးစက်ရောဂါကာကွယ်ရေးတွင် စာတတ်မြောက်မှုအခြေခံသည့် ကျန်းမာရေးပညာသည် ဒိုင်းသဖွယ် ခိုင်ခံ့၏။ စာပေမှရရှိသော ကျန်းမာရေးအသိများကို လက်တွေ့လိုက်နာ ဆောင်ရွက်ခြင်းဖြင့် အသက်ရှည်ရာ၊ အနာမဲ့ကြောင်း နည်းလမ်းကောင်းများရရှိနိုင်၏။ ကျန်းမာရေးအဖော်မွန်ကို ရာသက်ပန်လက်တွဲနိုင်၏။ **'စုပေါင်းဆွေးနွေး ကျန်းမာရေး'** ဆိုသည့်အတိုင်း ကျန်းမာရေးမဏ္ဍိုင်ကို ဝိုင်းဝန်းတည်ဆောက်နိုင်၏။ ပြည်သူလူထုအခြေပြု ကျန်းမာရေးပညာနည်းလမ်းကောင်းများကို ဖော်ထုတ်နိုင်၏။ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့်လည်း ကိုက်ညီ၏။

ကျန်းမာရေးပညာကို ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးသာမက ကိုယ်တိုင်သတ်မှတ်သင်ယူ ပညာရေးနယ်မြေများတွင်ပါ စာတွေ့လက်တွေ့ လိုက်နာဆည်းပူးနိုင်၏။ **'က-ကလေးငယ် ချစ်စဖွယ်'** ဆိုသည့် သူငယ်တန်း မြန်မာဖတ်စာမှသည် အထက်တန်းကျောင်းသုံးရေသည်ပြဇာတ်မှ **'ဘိန်းစားဆေးငတ်၊ ဆေးမပြတ်သည့်နှယ်၊ တပ်မက်ခြင်းတဏှာ ကြီးမားပါဘိ'**အထိကျယ်ပြန့်စွာပါရှိ၏။ အလားတူစာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်၊ သက်ကြီးစာပဒေသာများတွင်လည်း မိခင်လောင်းများ ကျန်းမာရေး၊ ကလေး သန်ရောဂါ၊ ကာလဝမ်းရောဂါကာကွယ်ပါ၊ ကြွက်သေတစ်ကောင် အမြဲရှောင်၊ သီတာရေစင်၊ သွေးလွန်တုပ်ကွေး အစရှိသည်တို့ ပါရှိ၏။

ကျန်းမာရေးလွှမ်းခြုံနေသော ကမ္ဘာကြီး ရေရှည်တည်တံ့ရေးအတွက် စာတတ်မြောက်ရေးအစီအစဉ်များတွင် ကျန်းမာရေးပညာများထည့်သွင်းသင်ကြားခြင်းသည် ခေါင်းထောင်လာသော ကူးစက်ရောဂါများကို နိုးကြားစွာတုံ့ပြန်စိန်ခေါ်ခြင်းပင်ဖြစ်သည်။ **'ကူးစက်ရောဂါ ခေါင်းထောင်လာ တုံ့ပြန်နိုးကြား ကမ္ဘာတစ်လွှား'** ဆိုသည့် ကမ္ဘာ့ကျန်းမာရေးဆောင်ပုဒ်နှင့်လည်း ကိုက်ညီ၏။

'ရွှင်လန်းကျန်းမာ ချမ်းမြေ့သာ စာတတ်မြောက်ခြင်းက သော့ချက်ပါ' ဆိုသည့် စည်းရုံးလှုံ့ဆော်ချက်ကို ရင်ထဲအသည်းထဲတွင် ထာဝစဉ်ပျိုးထောင်ကြပါစို့။

ဖတ်ပါမှတ်ပါ၊ မြတ်ပညာ နေရာမရွေး စာတတ်ရေး၊ ကူးစက်ရောဂါကာကွယ်ပေး။

သက်ရှည်ကျန်းမာဖို့ စုပေါင်းစာဖတ်စို့။ ။



ပညာသည်သာ ရတနာ

* ပညာသည်သာ ရတနာ
ပညာသည်သာ အခရာ၊
ပညာရဖို့ အခြေခံအစ
စာတတ်မြောက်မှု အဓိက။

* လူမှုဘဝ မြင့်မားစေ
စာတတ်မြောက်ရေး အားပေးနေ၊
တစ်ယောက်တစ်လေ မကျန်ရ
ကောက်သင်းကောက်ကာ သင်ပေးကြ။

* စာပေထဲက ဗဟုသုတ
ဘဝအတွက် ပညာရ။

* ဖွံ့ဖြိုးလာမှု ရင်းမြစ်က
ပညာသည်သာ ပဓာန။

* ပညာ့နယ်ပယ် ကျယ်ဝန်းလှ
အစဉ်လေ့လာ သင်ယူကြ။

ကိုကျော်

အမှာစကားပြောကြား

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခရီးသည် ရောက်ရှိမှု တိုးမြှင့်ရေး ရှေ့လုပ်ငန်းဆိုင်ရာ ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ခရီးသည်ရောက်ရှိမှု တိုးမြှင့်ရေး ရှေ့လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၃

ခရီးသည်ရောက်ရှိမှုတိုးမြှင့်ရေး ရှေ့လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန် ဟိုတယ်၌ ကျင်းပရာ အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက အစည်းအဝေးတွင် တင်ပြရန် အချက်များကို ကြိုတင် ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း၊ ခရီးသွားလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက တင်ပြကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာ့လေကြောင်း ပို့ဆောင်ရေးတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် Tour Mandalay ခရီးသွားကုမ္ပဏီ၊ နိုင်ငံခြားနှင့် ပြည်တွင်းခရီးသွား လုပ်ငန်းနှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေး ကော်မတီတို့မှ တာဝန်ရှိသူတို့က နိုင်ငံခြားခရီးသွား ဧည့်သည်များ ပိုမိုဝင်ရောက်ရေးနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အစီအစဉ်အရ ပုဂံ၊ မန္တလေး၊ အင်းလေးဟိုတယ်ဇုန်များမှ ကိုယ်စားပြု ကိုယ်စားလှယ်များနှင့် ဧည့်လမ်းညွှန်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) များ ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ တို့ အမှူးပြု၍ ပန်တျာ(သော်က) ကတ္တရာလမ်းသစ်အား ဖဲကြိုး ဖြတ်ဖွင့်လှစ်စဉ်။

(၁၉)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပန်တျာ(သော်က) ကတ္တရာလမ်းသစ် ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) များဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် စက်တင်ဘာ ၂ ရက် နံနက် ၇နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော ၈/ခ ရပ်ကွက်ရှိ ပန်တျာ (သော်က) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ပန်တျာ(သော်က) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါ လမ်းသစ်ထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော် ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန် တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးညွန့်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် များ၊ တာဝန်ရှိသူများနှင့် ဧည့်သည် တော်များသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါပန်တျာ(သော်က)ကတ္တရာ လမ်းသစ်သည်လမ်းအရှည်ပေ၁၃၂၀ နှင့် အကျယ် ၁၂ ပေရှိပြီး ရန်ကုန် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေအကုန်အကျ ခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၁၉)

နေပြည်တော် တပ်ကုန်း အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း၌ ဩဂုတ် ၂၆ ရက်က အလှူရှင် ဦးတင့်ဇော် ထွန်း-ဒေါ်သီသီဦး (ကေသီပန် ဗီဒီယိုရိုက်ကူးရေး) မိသားစုက ကျောင်းကျန်းမာရေး သီတင်း ပတ် လှုပ်ရှားမှုအဖြစ် တတိယ တန်း ကျောင်းသား၊ ကျောင်း သူများအား အာဟာရကျွေး မွေးစဉ်။

(ပညာရေး)

မိုးစပါး ထွန်တုံးပိတ်၊ ကောက်စိုက်စွမ်းရည်ပြိုင်

မြစ်ကြီးနား စက်တင်ဘာ ၃

ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ်၏ ၂၀၀၈ ခုနှစ် မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်း ရည်ပြိုင်ပွဲကို ဩဂုတ်လ ၂၅ ရက်က တောင်သူ ဦးလဂျောင်ဘရိန်နိုင်နှင့် ဦးရှင်ကွယ်တို့၏ မန်ခိန်ရပ်ကွက် မန်ခိန်တောင် ကွင်းအမှတ် ၂/၅နှင့် ၂/၂ ရှိ လယ်မြေဧက ၀ ဒသမ ၅၀ တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင် ဒုတိယ ရဲမှူး မြင့်လွင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးထွေးက ၂၀၀၈-၂၀၀၉ မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်မြေစာရင်း ဦးစီး မှူး ဦးတင်ထွန်းက ကောက်စိုက် စွမ်းရည်ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်း များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အသင်း လေးသင်းတို့က ဆင်းဇေရီ(၃) မိုးစပါး ကောက်နှံ များဖြင့် သတ်မှတ်နေရာများတွင် စိုက်ပျိုးယှဉ်ပြိုင်ကြရာ ပထမဆုကို စီတာပူရပ်ကွက်အသင်း၊ ဒုတိယဆု ကို တပ်ကုန်းရပ်ကွက် အသင်း၊ တတိယဆုကိုမန်ခိန်ရပ်ကွက်အသင်း နှင့် အထူးဆုကို ရွှေစင်ရပ်ကွက် အသင်းတို့က ရရှိကြရာ ဆုများကို ခရိုင်အတွင်းရေးမှူး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့် ကြသည်။

ဆုပေးပွဲ အပြီးတွင် မြို့နယ် စိုက်ပျိုးရေး၊ စက်မှုလယ်ယာ ဦးစီး ဌာနတို့မှ ခင်းကျင်းပြသထားသော လယ်ယာသုံး စက်ကိရိယာ ထွန်စက် များနှင့် ဓာတ်မြေဩဇာမျိုးစေ့များကို ကြည့်ရှုလေ့လာကြသည်။

မြစ်ကြီးနားမြို့နယ်၏ ၂၀၀၈-၂၀၀၉ မိုးစပါးစိုက်ပျိုးမှု စီမံကိန်း လျာထားချက် ၃၆၀၁၅ ဧက ဖြစ်ပြီး မိုးစပါး ထွန်တုံးပိတ်ပွဲ ကျင်းပသည့် နေ့အထိ စိုက်ပျိုးနိုင်မှု ၃၈၅၄၁ ဧက ဖြစ်ရာ ၁၇၂၆ ဧက ပိုမို စိုက်ပျိုးနိုင် ခဲ့ကြောင်း သတင်းရရှိသည်။

(၅၆၀)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၅။ မြန်မာစာမြန်မာစကား
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၀၅ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၁၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၂၇)**
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း -၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အနုပညာရှင်၏ တစ်နေ့တာ
၂၁။ ကုန်သွယ်သုတ
၂၂။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇာတ်ကျွှာ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း -၂၀)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

❒ ရွှေ့ဖုံးမှ

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းနှင့် သယ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးသည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ရန်ကုန်တိုင်းအတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် လဲပြိုပျက်စီးခဲ့သော အခြေခံပညာအဆင့် ကျောင်းပေါင်း ၆၇ ကျောင်းနှင့် ကျောင်းဆောင်ထပ်မံလိုအပ်နေသည့် ကျောင်းနှစ်ကျောင်းတို့အတွက် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ မြေပြင်အထက်လေးပေမြင့်၍ လေဒဏ်၊ ငလျင်ဒဏ်ခံ တစ်ထပ်၊ နှစ်ထပ် Steel Structure ကျောင်းပေါင်း ၆၉ ကျောင်းနှင့် လိုအပ်သော စာသင်ခုံများကို ဆောက်လုပ်လှူဒါန်း တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါ တည်ဆောက်လျက်ရှိသော ကျောင်းများအနက် ယခုဖွင့်လှစ်လိုက်သောကျောင်းမှာ ဒုတိယမြောက်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၃

မုန်တိုင်းသင့်ပြည်သူများအတွက် အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး လေးဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပံ့ပိုးမှု ကော်မတီက အလှူငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် လေဘေးသင့်ပြည်သူများအတွက် အိုးအိမ်များ တည်ဆောက်ပေးရန်၊ မိဘမဲ့ကလေးများဂေဟာ ငွေပဒေသာပင်နှင့် ဘုန်းတော်ကြီးကျောင်း၊ ဗလီဝတ်ကျောင်း၊ ခရစ်ယာန်နှင့် ဟိန္ဒူဘုရားရှိခိုးကျောင်း စသည့် သာသနိကအဆောက်အအုံများ မွမ်းမံပြင်ဆင်ရန်နှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အပါအဝင် အလှူငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၇၁၇ သိန်းကို အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးလေးဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပံ့ပိုးမှု ကော်မတီနှင့် တစ်ဦးချင်းအလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

အဆိုပါ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးလေးဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပံ့ပိုးမှုကော်မတီသည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း ၄၆၀၀ ရှိရာ ယနေ့ လှူဒါန်းမှုအပါအဝင် စုစုပေါင်းမှာ ငွေကျပ် ၅၃၁၇ သိန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

✻ သဘာဝပိုဗိုလန်မှ

ကြိုးပမ်းဆောင်ရွက်ကြရေး၊ အရည်အသွေးများ စစ်ဆေးကြပ်မတ်ရေး၊ အလေအလွင့်နည်းပါးရေး၊ စက်ရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆားလင်းကြီးမြို့နယ် မိုးစပါး စုပေါင်းမြေသြဇာကွဲပက်ပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် စက်တင်ဘာ ၁ ရက်တွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာ၌ ကျင်းပသည့် ငွေသာဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး စုပေါင်းမြေသြဇာကွဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ လယ်သမား ဦးထွန်းသိန်း၏ ငါးဧကအတွင်း စိုက်ပျိုးထားရှိသော ဆင်းနွယ်ရင် အထူးအထွက်တိုးစပါးခင်းအား စုပေါင်း၍ မြေသြဇာကွဲပက်နေမှုကို ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ထို့နောက် တိုင်းမှူးအား ရှင်းလင်းဆောင်ခန်းမ၌ ဆားလင်းကြီးမြို့နယ် ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး စိုက်ပျိုးမှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသခံလယ်သမားများနှင့် တွေ့ဆုံကာ ဒေသခံတောင်သူများထံ ဓာတ်မြေသြဇာအိတ်များကို အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❂ ကမ္ဘာ့အမြင့်ဆုံးမှ

အောင်နိုင်ဦး(ကြေးမုံ)

၂၂၅၇ပေ(၆၈၈မီတာ) အမြင့်ရှိ ဒူဘိုင်းမျှော်စင်ထိပ်ဖျားမှ ကြည့်လျှင် ဒူဘိုင်းပင်လယ်ကွေ့တစ်ခွင်တစ်ပြင်လုံးကိုသာမက ရာသီဉတုကြည်လင်သာယာသောနေ့များတွင် မိုင် ၁၀၀ အကွာအဝေးရှိ အီရန်နိုင်ငံသို့ပင် လှမ်းမျှော်ကြည့်ရှုနိုင်မည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ဘာ့ဂ်ျဒူဘိုင်းသည် အထပ် ၁၆၀ တည်ဆောက်ပြီးပြီ ဖြစ်သည့်တိုင် ရက်သတ္တတစ်ပတ်လျှင် တစ်ထပ်နှုန်းခန့်ဖြင့် ဆက်လက်တည်ဆောက်နေဆဲဖြစ်သည်။

"လက်တစ်ဆုပ်စာလောက်ပဲရှိတဲ့ အကြီးတန်းပုံစံထုတ်သူတွေလောက်ကပဲ အပြီးသတ်ပုံစံကို သိကြတယ်" ဟု စီမံကိန်းဒါရိုက်တာ ဂရက်ဒ်ဆန်က ပြောကြားသကဲ့သို့ ဒူဘိုင်းအကြီးအကဲ ရှိက်မိုဟာမက်အယ်လ်မတ်ခ်တွမ်က "မီတာ ၇၀၀ ထက်မြင့်အောင် ကျွန်တော်တို့ ဆက်ဆောက်သွားမယ်လို့တော့ ပြောနိုင်ပါတယ်"ဟု ဖြည့်စွက်ပြောကြားသည်။

လာမည့်နှစ်အတွင်း ဘာ့ဂ်ျဒူဘိုင်း အဆောက်အအုံကြီး ပြီးစီးသွားချိန်တွင် လူ ၃၅၀၀၀ ထက်မကကို ဟိုတယ်များ၊ ရုံးများ၊ လူနေတိုက်ခန်းများ စသည့် အဆောက်အအုံအတွင်း ထည့်သွင်းတည်ဆောက်ထားသည့် နေရာများတွင် နေရာချထားပေးနိုင်မည်။ သည့်အပြင် စံချိန်မှတ်တမ်းဝင်ဦးမည့် အချက်အလက်အချို့လည်း ရှိသေးသည်။ ဥပမာအားဖြင့် ၇၆ ထပ်မှ ရေကူးကန်နှင့် ၁၂၂ ထပ်တွင်ရှိမည့် စားသောက်ဆိုင်တို့မှာလည်း ဆိုင်ရာဆိုင်ရာအားဖြင့် ကမ္ဘာ့အမြင့်ဆုံးများ ဖြစ်လာကြလိမ့်မည်။

ယခုနှစ် ဧပြီလထိအောင် ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် အမေရိကန်ပြည်ထောင်စု မြောက်ဒါကိုတာပြည်နယ်မှ ရုပ်မြင်သံကြားလွှင့်အဆောက်အအုံ အမြင့် ၂၀၆၃ ပေ(၆၂၉မီတာ)သည်လည်းကောင်း၊ ၁၉၇၄ ခုနှစ်က ပိုလန်နိုင်ငံတွင် တည်ဆောက်ခဲ့ဖူးသည့် အမြင့် ၂၁၂၁ပေ(၆၄၇မီတာ)ရှိ ရုပ်သံလွှင့်တိုင်တို့သည်လည်းကောင်း ဘာ့ဂ်ျဒူဘိုင်းနှင့်ယှဉ်လျှင် ဒုတိယအဆင့်သို့ ရောက်ကုန်ကြပြီဖြစ်သည်။

ဘာ့ဂ်ျဒူဘိုင်း အဆောက်အအုံနှင့် လက်ရှိ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံများကို နှိုင်းယှဉ်ပြသောပုံကို တွေ့ရစဉ်။

❍ ကျောဖုံးမှ

ယခုသုတေသနလုပ်ငန်းကို ဦးဆောင်ပြုလုပ်သူမှာ ဘရစ်စတော်ရှိ ဆေးပညာဌာနမှ ပညာရှင် ဒေါက်တာအယ်လစ်ဘီရာဟေး ဖြစ်သည်။ ကလေးများ ဖျားနာသောအခါ မိဘများသည် စိတ်ပူပန်တတ်ကြသည်။ အဖျားအချို့မှာ အလိုအလျောက် ပြန်၍အပူကျသွားတတ်သော်လည်း အချို့မှာ ရောဂါပိုးဝင်၍ ကိုယ်အပူချိန်တက်လာခြင်းမျိုးလည်း ရှိသည်။

ပြန်လည်သုံးသပ်သင့်

ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်သော လမ်းညွှန်မှုများကို ဗြိတိန်အမျိုးသားကျန်းမာရေးနှင့် ဆေးခန်းဆိုင်ရာ လမ်းညွှန်အဖွဲ့ (အင်န်အိုင်စီအီး)က အကြံပြုချက်များကို ယခင်နှစ်က ပုံနှိပ်ထုတ်ဝေထားသည်။ လက်ရှိအခြေအနေအထိ ထိုလမ်းညွှန်ချက်များကို လက်ခံ၍ ကျင့်သုံးနေဆဲဖြစ်သည်။ သို့ရာတွင် အသစ်တွေ့ရှိလာသော လေ့လာချက်ကြောင့် အင်န်အိုင်စီအီး၏ လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်သင့်သည်ဟု တော်ဝင်ကောလိပ်မှ ပါမောက္ခစတီဖင်ဖီးလ်က ပြောကြားသည်။

မဖျားမနာသောကလေးငယ်တစ်ဦး၏ အပူချိန်သည် သာမန်အားဖြင့် ၃၆ဒီဂရီမှ ၃၆ဒသမ၈ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၉၆ဒသမ ၈ မှ ၉၈ဒသမ ၂၄ဒီဂရီဖာရင်ဟိုက်အတွင်း တည်ရှိသည်။ အကယ်၍ ကလေးငယ်တစ်ဦး၏ ကိုယ်အပူချိန်သည် ၃၈ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၁၀၀ဒသမ ၄ဒီဂရီဖာရင်ဟိုက်နှင့် ထို့အထက်၌ရှိနေလျှင် ၎င်းကလေးသည် ဖျားနေပြီ၊ အဖျားရှိနေပြီဟု သတ်မှတ်သည်။ ***အင်တာနက်။***

ဗြိတိန်စစ်ဘက် ဝက်ဝံသားရေဦးထုပ်အား သားရေတုဦးထုပ်ဖြင့် အစားထိုးရန် စဉ်းစား

လန်ဒန် စက်တင်ဘာ ၂

ဗြိတိန်နိုင်ငံ ဘတ်ကင်ဟမ်နန်းတော်စောင့် တပ်ဖွဲ့များ ဝတ်ဆင်သည့် ဝက်ဝံသရေဦးထုပ်များကို အခြားသော ပစ္စည်းများဖြင့် အစားထိုးရန် စဉ်းစားသုံးသပ်မည်ဖြစ်ကြောင်း တိရစ္ဆာန်များအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် တွေ့ဆုံပြီးနောက် ဗြိတိန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

တိရစ္ဆာန်များအား စာနာစောင့်ရှောက်ရေးအဖွဲ့က ဦးထုပ်ပြုလုပ်ရန် ကနေဒါ ဝက်ဝံနက်များအား သတ်ဖြတ်နေခြင်းသည် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်ဖြစ်သည်ဟု ပြောကြားမှုကို ပါလီမန်အချို့ အဖွဲ့ဝင်များက ထောက်ခံခဲ့သည်။

တိရစ္ဆာန်များ စာနာစောင့်ရှောက်ရေးအဖွဲ့က သားရေတုပစ္စည်းများ အသုံးပြုပြီး ဦးထုပ်အသစ်ကို ဒီဇိုင်းပညာရှင်များက စနစ်တကျရေးဆွဲပြုစုရန် တောင်းဆိုသည်ဟု ပြောကြားသည်။

လန်ဒန်မြို့ ဘတ်ကင်ဟမ်နန်းတော်နှင့် နိုင်ငံအတွင်းရှိ အခြားကြီးကျယ်ခမ်းနားသော တော်ဝင်နေရာများ၌ အခမ်းအနားပြုလုပ်စဉ်အတွင်း ဂရင်းနာဒီယာ၊ ကိုးဒ်စထရင်း၊ စကော့စ်၊ ဝေလစ်နှင့် အိုင်းရစ် တပ်ရင်းငါးခုရှိ အစောင့်အကြပ်များက ၁၈ လက်မအမြင့်ရှိ အနက်ရောင် ဝက်ဝံသားရေဦးထုပ်များကို ဝတ်ဆင်ကြသည်။

ကာကွယ်ရေး ဝန်ကြီးဌာနက ဦးထုပ်များပြုလုပ်ရန်နှင့် ပြင်ဆင်ရန် တစ်နှစ်လျှင် ဝက်ဝံအမွေးပါ အရေခွံ ၅၀ မှ ၁၀၀ ထိ ဝယ်ယူသည်။ ယင်းဦးထုပ်တစ်လုံးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့် တန်ဖိုးရှိသည်။

အင်တာနက်။

ဝက်ဝံသားရေ ဦးထုပ်

လန်ဒန်မြို့ ဘတ်ကင်ဟမ်နန်းတော် အစောင့်တပ်ဖွဲ့၌ ၁၈ လက်မအမြင့်ရှိ အနက်ရောင် ဝက်ဝံသားရေဦးထုပ်။

(ဓာတ်ပုံ-အင်တာနက်)

ဝန်ကြီး ဦးအောင်သောင်း သင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးကျင်းပသော Industry Reporting System Software အသုံးပြုနည်း သင်တန်းအမှတ်စဉ် (၁/၂၀၀၈)နှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၈)နေပြည်တော်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်သင်ကြား

အဆိုပါသင်တန်းသို့ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ သင်တန်းသား၊ သင်တန်းသူ ၁၀၁ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

အမှာစကားပြောကြား

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း Industry Reporting System Software အသုံးပြုနည်း သင်တန်း အမှတ်စဉ်(၁/၂၀၀၈)နှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၈)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

သံအမတ်ကြီး ဦးဖေသန်းဦး ခန့်အပ်လွှာပေးအပ်

ရန်ကုန် စက်တင်ဘာ ၄

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဖေသန်းဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင် အာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၃

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပသည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၉) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဝင်းက အသင်းဝင်အဆိုပြုလွှာ ၁၂၀၀ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးထံ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးက ငွေကျပ်တစ်သိန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်စက်မှုဇုန်ကော်မတီက ငွေကျပ်ငါးသောင်းစီ၊ ဝါး၊ဓနိလုပ်ငန်း ဆိုင်ပိုင်ရှင် ဦးသန်းဇော်က ငွေကျပ် တစ်သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ တစ်ထပ်(သံထည်)ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တက္ကသိုလ်ဝင်တန်းပညာရေးအထောက်အကူပြု ပညာဒါန သင်တန်းမှ ကျောင်းသား၊ကျောင်းသူများအား အားပေးစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်နှင့် ငွေကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ မြို့နယ်အဆင့် အမှုဆောင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံ စည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၉)သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (အား/ကာ)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူအား အရှေ့တောင်အာရှဆိုင်ရာ ညှိနှိုင်းရေးမှူး တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၃

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးမစ္စတာရေမွန်ဟောလ်သည် ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာ ရေမွန်ဟောလ်နှင့်အတူ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဌာနေအကြီးအကဲ မစ္စတာ ဘာရာဂျာပန်ဒေးလည်း တက်ရောက်သည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

လာရောက်တွေ့ဆုံ

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင် အာရှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာ ရေမွန်ဟောလ် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အင်တာနက် နည်းပညာသိပ္ပံသတင်း

ကမ္ဘာ့ပထမဆုံးနေရောင်ခြည်စွမ်းအင်သုံးသင်္ဘော ဂျပန်ကုမ္ပဏီကြီးနှစ်ခု ပူးပေါင်းတီထွင်

တိုကျို စက်တင်ဘာ ၃

နေရောင်ခြည် တွန်းကန်စွမ်းအင်သုံး ကမ္ဘာ့ပထမဆုံး ကုန်တင်သင်္ဘောကြီးကို ဂျပန်ကုမ္ပဏီကြီးနှစ်ခုက ပူးပေါင်းလျက် ယခုနှစ်ကုန်ပိုင်းတွင် ရေချခုတ်မောင်းနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေကြောင်း တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၃ရက်တွင် ပြောကြားသည်။

မော်တော်ကားစီးရေ ၆၄၀၀ တင်ဆောင်ထွက်ခွာမည့် အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ပထမဆုံး ကုန်တင်သင်္ဘောကြီးတွင် ယမ်းငွေသန်း ၁၅၀(အမေရိကန်ဒေါ်လာ ၁ဒသမ ၃၇သန်း) အကုန်အကျခံလျက် ဆိုလာပြား ၃၂၈ပြားကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း နစ်ပွန်းယူဆန်းသင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသင်္ဘောသည် ဒီဇင်ဘာလတွင်ပြီးစီးမည်ဟု မျှော်လင့်ရကြောင်း၊ ၎င်းသင်္ဘောကို တိုယိုတာမော်တော်ကော်ပိုရေးရှင်းမှ မော်တော်ကားများ တင်ပို့ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း နစ်ပွန်းယူဆန်းနှင့် နစ်ပွန်း ရေနံဖြန့်ချိရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ သင်္ဘောသည် နေရောင်ခြည်စွမ်းအင် တွန်းကန်အားသုံး ပထမဆုံးသင်္ဘော ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ သင်္ဘော၏ အစိတ်အပိုင်းအချို့ တပ်ဆင်ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး ကုန်တင်သင်္ဘောကြီး အတွက် ၄၀ကီလိုဝပ် ဆိုလာစွမ်းအင်စနစ်ကို တည်ဆောက်ပြီး ခုတ်မောင်းအသုံးပြုရန် မျှော်မှန်းထားသည်။ ယင်းစွမ်းအင်ပမာဏမှာ သင်္ဘောက လိုအပ်သည့် စွမ်းအင်ပမာဏ၏ ၀ ဒသမ ၂ရာခိုင်နှုန်းကို ကာမိသက်သာစေမည်ဟု ဆိုသည်။

နစ်ပွန်းယူဆန်းကုမ္ပဏီက ၂၀၁၀ပြည့်နှစ်တွင် ပင်လယ်ပြင်၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လျှော့ချရန်နှင့် စွမ်းအင်ကုန်ကျမှု သက်သာစေရေးတို့အတွက် နေရောင်ခြည်စွမ်းအင်များ အစားထိုး အသုံးပြုရန် ကြိုးပမ်းလျက်ရှိသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၀ ၆။ အကပဒေသာ
- ၈း၁၅ ၇။ **၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) [ဝါသနာရှင်၊ပထမတန်း (အဆင့်)] (အမျိုးသမီး)**
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၄၅ ၅။ တေးဂီတအစီအစဉ်
- ၅း၀၀ ၆။ "နတ်လူသာခုခေါ်စေသော်" (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊သတိုးစော)(ဒါရိုက်တာ-သော်ကိုကိုရွှေ)
- ၅း၂၅ ၇။ အကပြိုင်ပွဲ
- ၅း၃၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၅း၅၀ ၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး) [ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသမီး)**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၆း၄၅ ၁၃။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း"(အပိုင်း-၅)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား"** (အပိုင်း-၂၅)
- ၁၉။ အစီအစဉ်ပြီး၏။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ယနေ့ ညနေ ၃း၃၀ နာရီတွင် (ကက)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဘောလုံးအသင်းက အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲသို့ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် အားကစားဝန်ကြီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက် အားပေးကြသည်။

၄-၉-၂၀၀၈ နေ့ ပွဲစဉ်
(ခခ)အုပ်စု
(ပေါင်းလောင်းကွင်း)
ပထမပွဲစဉ်
ယဉ်ကျေးမှုနှင့် မွေး/ရေ
ဒုတိယပွဲစဉ်
အားကစားနှင့် ပြန်ကြားရေး

(၁၀၇)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဗိုလ်လုပွဲသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၃

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက်(၂၀)အောက် လူငယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ဆက်လက်ကျင်းပရာ ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား ယူ-၂၀ပြိုင်ပွဲ နှင့် အလွတ်တန်းပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲများနှင့် အမျိုးသမီး ယူ-၂၀ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲ အုပ်စုပွဲစဉ်များ စုစုပေါင်း ခြောက်ပွဲကျင်းပသည်။

ပထမအကြိုဗိုလ်လုပွဲ

အမျိုးသား ယူ-၂၀ ပထမအကြို ဗိုလ်လုပွဲတွင် မိုးကုတ်အသင်းက Golden Light House အသင်းကို (၈၃-၇၄)မှတ်၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် Eragon (A) အသင်းက Furious အသင်းကို (၆၅-၃၉)မှတ်တို့ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ ဗိုလ်လုပွဲတွင် မိုးကုတ်နှင့် Eragon (A)တို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အမျိုးသားဗိုလ်လုပွဲတက်

အမျိုးသားအလွတ်တန်း ပထမ အကြိုဗိုလ်လုပွဲတွင် စက်မှု(၁) အသင်းက သံလွင်အသင်းကို (၁၀၉-၆၃)မှတ်၊ ဒုတိယအကြို ဗိုလ်လုပွဲတွင် FOX အသင်းက လယ်/ဆည်အသင်းကို (၆၉-၆၀) မှတ်တို့ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲတွင် အုပ်စု၌ တွေ့ဆုံခဲ့ကြသည့် စက်မှု(၁) နှင့် FOXအသင်းတို့ ပြန်လည် တွေ့ဆုံကြမည်ဖြစ်သည်။

အမျိုးသမီးဗိုလ်လုပွဲတက်

အမျိုးသမီး ယူ-၂၀အုပ်စုပွဲစဉ်တွင် စက်မှု(၁)အသင်းက စစ်ကိုင်းအသင်းကို(၇၁-၄၂)မှတ်၊ အလွတ်တန်းတွင် စက်မှု(၁)အသင်းက ပြည်ထဲရေး အသင်းကို (၇၁-၃၀)မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။ အမျိုးသမီး ပြိုင်ပွဲများမှာ မပြီးဆုံးသေးသော်လည်း ဗိုလ်လုပွဲတက်ရောက်ခွင့်ရရှိသောအသင်းများ ထွက်ပေါ်လာပြီဖြစ်သည်။ ယူ-၂၀ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက လေးပွဲကစား လေးပွဲနိုင်ဖြင့် အုပ်စုပထမ၊ စက်မှု(၁)က သုံးပွဲနိုင် တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယရပြီး အလွတ်တန်းတွင် နှစ်ပွဲကစား နှစ်ပွဲနိုင်ထားသော လယ်/ဆည်နှင့် သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံးထားသော စက်မှု(၁)အသင်းတို့မှာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အမျိုးသားပြိုင်ပွဲ တတိယလုပွဲများနှင့် အမျိုးသမီးအုပ်စုနောက်ဆုံး ပွဲစဉ်များကို စက်တင်ဘာ ၄ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

အမျိုးသား အလွတ်တန်း ဘတ်စကက်ဘော အကြို ဗိုလ်လုပွဲတွင် စက်မှု(၁)နှင့် သံလွင်တို့ ယှဉ်ပြိုင်စဉ်။

(ကြေးမုံ)

ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းကျင်းပသော ဟောပြောပွဲကို စက်တင်ဘာ ၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် Toyo Battery၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာနန္ဒာသိန်းဇံက ကိုယ်ကျင့်တရား(ETHICS) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက် နားထောင်မေးမြန်းဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားရေးလုပ်ငန်း မဟာဗျူဟာနှင့် အခြေပြဒိုင်ခွက်များ ခေါင်းစဉ်ဖြင့် ဟောပြောမည်

ရန်ကုန် စက်တင်ဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကို Bronze Billa Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် စက်တင်ဘာ ၆ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်ရာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမော်သန်း(ငြိမ်း)က စီးပွားရေးလုပ်ငန်း မဟာဗျူဟာနှင့် အခြေပြဒိုင်ခွက်များ (Business Strategies & Dashboards)ခေါင်းစဉ်ဖြင့်ဟောပြောမည်ဖြစ်ကြောင်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အသီးတစ်ရာအညှာတစ်ခု" တရားတော် (ရေနံ့ချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၈း၀၅ - ၂း၀၅	နိဗ္ဗာန်ဆီသို့----အမေးအဖြေများ
၈း၃၀ - ၂း၃၀	ပြည်တွင်းအနုပညာရေးရာ
၈း၅၅ - ၂း၅၅	ဂီတသံစဉ်အလှဆင် (ကော်နီ)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	Activities In The City (S.M.L မိတ်ဆက်ပွဲ၊ အဘိဓမ္မာမဟာသိပ္ပံသို့ အလှူငွေပေးအပ်ပွဲ)
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ် (ဖြိုးငွေစိုး၊ သဇင်၊ မိုးဒီ၊ ခင်မို့မို့အေး) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	Yangon Panorama
၁၁း၂၅ - ၅း၂၅	ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါအန္တရာယ် (ပါမောက္ခ ဦးမြသော်)
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဆုရ ကချင်တိုင်းရင်းသားဖက်ရှင်)
၁၂း၁၀ - ၆း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅ - ၆း၁၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်ကမိုက်တယ်"(ရိုက်ကွင်း)
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၃

စက်တင်ဘာ ၃ ရက် မြန်မာစံတော်ချိန် ၁၂နာရီ ၅၉ မိနစ် ၃၃ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၆၀၀ခန့် ကွာဝေးသောနေရာ (တရုတ်-မြန်မာနယ်စပ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၆အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင် တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပပြီးစီး

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသည့် စာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားဆွေးနွေးကြပြီး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြကာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြ၍ နှီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

နှီးနှောဖလှယ်ပွဲ သုံးရက်အတွင်း နိုင်ငံတကာနှင့်မြန်မာနိုင်ငံတွင်စာပေအနုပညာမူပိုင်ခွင့်များနှင့် ဆက်နွှယ်ရာ အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းခြင်း၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဖြင့် အသိပညာပေးမှုတွင် စာပေအနုပညာမူပိုင်ခွင့်နှင့် ဆက်နွှယ်ရာ အခွင့်အရေးများကဏ္ဍ၊ စာပေအနုပညာမူပိုင်ခွင့်နှင့် ဆက်နွှယ်ရာ အခွင့်အရေးများဆိုင်ရာ စုပေါင်းစီမံဆောင်ရွက်မှု စသည့် အကြောင်းအရာများနှင့် စပ်လျဉ်းသော စာတမ်းများကို ပြည်တွင်း၊ ပြည်ပစာတမ်းရှင်များက ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royalဟိုတယ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အ င် တာ န က် အား က စား သ တ င်း

မန်စီးတီးကို ကမ္ဘာ့အကြီးကျယ်ဆုံးကလပ်ဖြစ်ရန် အဘူဒါဘီအုပ်စုကြိုးပမ်း မန်ယူမှ စီရော်နယ်လ်ဒိုကို စတာလင်ပေါင် ၁၃၅သန်းပေး၍ ခေါ်မည်ဟုဆို

အဘူဒါဘီ စက်တင်ဘာ ၃

မန်ချက်စတာစီးတီးအသင်း၏ ပိုင်ရှင်သစ် ဘီလျံနာများက ပြိုင်ဘက် မန်ချက်စတာ ယူနိုက်တက်အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သူ စီရော်နယ်လ်ဒိုအား ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးအဖြစ် စတာလင်ပေါင်ငွေ ၁၃၅ သန်းပေးပြီး ဇန်နဝါရီလ အပြောင်းအရွှေ့ ဈေးကွက်မပိတ်မီ အရခေါ်ယူသွားမည့်အပြင် လီဗာပူးမှ ဖာနန်ဒိုတောရက်စ်နှင့် အာဆင်နယ်မှ ဖာဘရီဂက်စ်တို့ကိုလည်း ပစ်မှတ်ထား၍ ဝယ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

"ကမ္ဘာ့အကြီးကျယ်ဆုံးကလပ်အသင်းမှာ ကစားချင်တယ်လို့ စီရော်နယ်လ်ဒိုက ပြောထားတာရှိတယ်၊ သူသာ အမှန်တကယ် ဆန္ဒရှိမယ်ဆိုရင် လာမယ့် ဇန်နဝါရီလမှာ အားလုံးမြင်တွေ့ကြရတော့မှာပါ"ဟု အဘူဒါဘီယူနိုက်တက် အုပ်စုမှ ဒေါက်တာဆူလေမန် အယ်လ်ဖာဟင်းမ်က ပြောကြားသည်။

ထို့အပြင် အာဆင်နယ်တိုက်စစ်မှူး ဟောင်း သီယာရီဟင်နရီ၊ ဗလန်စီယာမှ ဒေးဗစ်ဗီလာ၊ ဘာရာဇီးမှ ရော်နယ်လ်ဒိုနှင့် လက်ရှိခေါ်ယူထားသော ရော်ဘင်ဟိုတို့ကို ပေါင်းစပ်ကာ လာမည့် နှစ်နှစ်၊ သုံးနှစ်အတွင်း ချန်ပီယံလိဂ်ဖလားကို ခြိမ်းခြောက်နိုင်မည့်အသင်း တစ်သင်း ဖွဲ့စည်းနိုင်မည့် အလားအလာနှင့် ဖြစ်နိုင်စွမ်းကိုပါ မိမိ လေ့လာစူးစမ်းနေကြောင်း အယ်လ်ဖာဟင်းမ်က ထပ်လောင်းပြောကြားသည်။

အာရပ်စော်ဘွားများပြည်ထောင်စုမှ တော်ဝင်မိသားစုအဖွဲ့ဝင်များက ကျောထောက်နောက်ခံ ပြုထားသည့် အဘူဒါဘီယူနိုက်တက် စီးပွားရေး အုပ်စုကြီးအတွက် "မဟာစိန်ခေါ်မှုကြီး"အဖြစ် မန်ယူမှ စီရော်နယ်လ်ဒိုကို ရွေးချယ်ထားပြီးဖြစ်ရာ ယင်းကိစ္စနှင့်ပတ်သက်၍ ဒေါက်တာအယ်လ်ဖာဟင်းမ်က "စီရော်နယ်လ်ဒိုကို ရီးယဲလ်မက်ဒရစ်က ဒေါ်လာသန်း ၁၆၀ (ပေါင်သန်း၉၀)လို့ တန်ဖိုးဖြတ်ထားတယ်၊ ကျွန်တော်တို့က ဒေါ်လာသန်း ၂၄၀ (ပေါင်၁၃၅သန်း)လို့ တန်ဖိုးသင့်လိုက်တယ်၊ ဒါဟာ မဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး၊ ကျွန်တော်တို့က မန်စီးတီးကို မန်ချက်စတာယူနိုက်တက်နဲ့ ရီးယဲလ်မက်ဒရစ်တို့ထက် ပိုပြီးကြီးတဲ့ ကမ္ဘာ့အကြီးကျယ်ဆုံး ကလပ်အသင်းကြီးအဖြစ် တည်ဆောက်သွားမှာဖြစ်လို့ပါပဲ"ဟု ပြောကြားသည်။

မန်စီးတီးက မျက်စိကျနေသည့် စီရော်နယ်လ်ဒို။

ယင်းကိစ္စနှင့်ပတ်သက်၍ မန်ချက်စတာယူနိုက်တက်မှ ပြောရေးဆိုခွင့်ရှိသူက "ခရစ္စတီယာနိုကို မရောင်းဘူးဆိုတဲ့အကြောင်း ကျွန်တော်တို့ ပြီးခဲ့တဲ့ တစ်နွေလုံးပြတ်ပြတ်သားသား ပြောခဲ့ပြီးပါပြီ"ဟု တုံ့ပြန်ပြောကြားခဲ့သည်။

အဘူဒါဘီယူနိုက်တက်၏ အမှုဆောင် အရာရှိချုပ် ဒေါက်တာဆူလေမန်အယ်လ်ဖာဟင်းမ်။

နိုင်ကြေးမုံ

အသက်အရွယ်ကြီးလာသူများ လမ်းပုံမှန်လျှောက်လျှင် မှတ်ဉာဏ်ကောင်းနိုင်

အင်တာနက်ကျန်းမာရေးသတင်း

ဆစ်ဒနီ စက်တင်ဘာ ၃

လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းဖြင့် အသက်အရွယ်ကြီးသူများအတွက် မှတ်ဉာဏ်ကို ပို၍ ကောင်းစေနိုင်ဖွယ်ရှိကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက လေ့လာတင်ပြထားသည်။

ဩစတြေးလျ သိပ္ပံပညာရှင်များသည် အသက် ၅၀နှင့်အထက် လူဦးရေ ၁၇၀ တို့အား လမ်းလျှောက်စေခြင်းဖြင့် မှတ်ဉာဏ်ကောင်း၊ မကောင်းကို ဆန်းစစ်လေ့လာခဲ့သည်။ ယင်းလေ့လာတွေ့ရှိချက်ကို အမေရိကန် ဆေးပညာအသင်းဂျာနယ်တွင် ဖော်ပြထားသည်။

ဖော်ပြပါလူဦးရေအနက် တစ်ဝက်ကို တစ်ပတ်သုံးကြိမ်ဖြင့် တစ်ရက်လျှင် မိနစ် ၅၀ကြာ လမ်းလျှောက်စေပြီး ကျန်တစ်ဝက်အား လေ့ကျင့်ခန်း မလုပ်စေဘဲထားသည်။ ခြောက်လကြာသည့်အခါ ယင်းတို့အား မှတ်ဉာဏ်ကို စစ်ဆေးကြည့်သည့်အခါ လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်သူများမှာ မှတ်ဉာဏ်ပို၍ ကောင်းလာသည်ဟု ဆိုသည်။

ကမ္ဘာပေါ်တွင် အယ်လ်ဇိုင်းမားရောဂါနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများကြောင့် မှတ်ဉာဏ်ချို့ယွင်းသူ လူဦးရေ ၃၇ သန်းခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အသက်အရွယ်ကြီးရင့်သူများ **(အောက်ပုံ)** မှတ်ဉာဏ်ကောင်းလာစေရန် လမ်းပုံမှန်လျှောက်ပေးသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းထားသည်။

အင်တာနက်။

မုတ်သုံလေ အားနည်းမည်

ရန်ကုန် စက်တင်ဘာ ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပူတာအိုတွင် ၃ဒသမ ၇၈လက်မ၊ ကသာမြို့တွင် ၃ဒသမ ၃၅လက်မ၊ မချမ်းဘောမြို့တွင် ၁ဒသမ ၈၁လက်မ၊ ဗန်းမော်မြို့တွင် ၁ဒသမ ၆၅လက်မ၊ စစ်တွေမြို့တွင် ၁ဒသမ ၅၃လက်မနှင့် ဟဲဟိုးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၁ဒသမ ၄၁လက်မစီတို့ ဖြစ်ကြသည်

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၄ ရက် ညနေအထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအား နည်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၀ဒသမ၅ဒီဂရီစင်တီဂရိတ်) (၈၇ဒီဂရီဖာရင်ဟိုက်)	၂-၉-၂၀၀၈
အနိမ့်ဆုံးအပူချိန်	(၂၂ဒသမ၀ဒီဂရီစင်တီဂရိတ်) (၇၂ဒီဂရီဖာရင်ဟိုက်)	၃-၉-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၃ရာခိုင်နှုန်း	၃-၉-၂၀၀၈
နေပူသည့်နာရီပေါင်း	(၂ဒသမ၃)နာရီခန့်	၂-၉-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃-၉-၂၀၀၈	Tr	မရှိပါ	မရှိပါ
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၅၄ မမ (၈၀ဒသမ၈၇လက်မ)	၂၃၃၅မမ (၉၁ဒသမ၉၃လက်မ)	၂၇၈၆မမ (၁၀၉ဒသမ၆၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂-၉-၂၀၀၈ ရက် ၁၃း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၃

ဦးဇင်ကိုလတ်သည် သန်လျင်ဂေါက်ကလပ်၌ ဩဂုတ် ၃၀ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)သို့ ၁၅၄ ကိုက်အကွာမှ TITLIEST Pro V1 No.2 ဘောလုံးအား Mac-gregar Iron No.7 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးသူရလွင်၊ ဦးမျိုးဇော်ဦး၊ ဦးမျိုးဆင့်အောင်တို့နှင့်အတူ ကစားခဲ့သည်။ (ကြေးမုံ)

ဇုန်(၆)ဇုန်တွင်ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ(၁)

စက် တင် ဘာ (၆ ၊ ၇ ၊ ၈)

ယခုတစ်ပတ်မှာ ပြည်တွင်းအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များကို ခေတ္တရပ်နားပြီး ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲများကို ဇုန်(၆)ဇုန်လုံးမှာ စက်တင်ဘာ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီတစ်ပတ် ကျင်းပမယ့် ခြေစစ်ပွဲများဟာ ဥရောပဇုန်အတွက် အဖွင့်ပွဲစဉ်များဖြစ်ပြီး တောင်အမေရိကဇုန်အတွက် ပွဲစဉ်(၇)၊ ကွန်ကာကပ်ဖ်ဇုန်အတွက် တတိယအဆင့်ခြေစစ်ပွဲ(၂)၊ အာဖရိကဇုန်အတွက် ဒုတိယအဆင့်၊ အာရှဇုန်အတွက် နောက်ဆုံးအဆင့်နှင့် သမုဒ္ဒရာပိုင်းဇုန်ပွဲများကို ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ဥရောပဇုန်

ဥရောပဇုန်မှာ အင်္ဂလန်၊ အီတလီ၊ စပိန်၊ ပြင်သစ်၊ ပေါ်တူဂီနဲ့နယ်သာလန်တို့ ပွဲစဉ်များ ပါဝင်နေတာကြောင့် ပရိသတ်တွေ စိတ်ဝင်တစားနဲ့ ရင်ခုန်စွာ စောင့်ကြည့်ကြရဦးမှာပါ။ ဒီဥရောပဇုန်မှာ ပရိသတ်အဓိက စိတ်ဝင်စားခြင်းခံရမယ့် အသင်းတွေကတော့ ပြီးခဲ့တဲ့ ဥရောပဖလားပြိုင်ပွဲမှာ ခြေစစ်ပွဲမအောင်လို့ ပါဝင်ခွင့်မရခဲ့တဲ့ အင်္ဂလန်နဲ့ လက်ရှိချန်ပီယံအီတလီတို့ပဲ ဖြစ်မှာပါ။ ယခုပွဲစဉ်ဟာ ဥရောပဇုန်အတွက် အဖွင့်ပွဲစဉ်များ ဖြစ်သလို အင်္ဂလန်နည်းပြသစ် ကာပယ်လိုအတွက်လည်း ပထမဆုံးပြိုင်ပွဲပဲ ဖြစ်ပါတယ်။ ကမ္ဘာကျော်ကစားသမားတွေရှိတဲ့ အင်္ဂလန်ကို ကာပယ်လိုတစ်ယောက် အောင်မြင်မှုတွေရယူနိုင်မလားဆိုတာတော့ စောင့်ကြည့်ရဦးမှာပါ။ ဒီအဖွင့်ပွဲမှာ အင်္ဂလန်ဟာ အသင်းငယ်လေး အင်ဒိုရာနဲ့ ကစားရမှာဖြစ်တာကြောင့် ကာပယ်လိုတစ်ယောက် ပွဲဦးထွက်မျက်နှာပန်းလှလိမ့်မယ်လို့ ယူဆရပါတယ်။

လက်ရှိကမ္ဘာ့ဖလားချန်ပီယံ အီတလီအသင်းကိုတော့ ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင်စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြလစ်ပီ တစ်ကျော့ပြန်လည်ကိုင်တွယ်နေပါတယ်။ ဒါကြောင့် အီတလီအသင်းကို ယခင်ချန်ပီယံခြေစွမ်းမျိုး ပြန်တွေ့ရမလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဥရောပဇုန်ခြေစစ်ပွဲများကို စက်တင်ဘာ ၆ ရက်နဲ့ ၇ ရက်တို့မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

တောင်အမေရိကဇုန်

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တောင်အမေရိကဇုန်မှာ ခြေစစ်ပွဲများ ကစားလာတာဟာ ပွဲစဉ်(၇) သို့ပင် ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီဇုန်မှာ အသင်း ၁၀ သင်းပါဝင်ပြီး ပတ်လည်စနစ်နဲ့ ကစားရတာပါ။ ထိပ်ဆုံးလေးသင်းက တိုက်ရိုက်ခြေစစ်ပွဲ အောင်မှာဖြစ်ပြီး အဆင့်(၅)ရအသင်းကတော့ ကွန်ကာကပ်ဖ်ဇုန်ကနေ အုပ်စုစတုတ္ထရပြီး တက်လာမယ့် အသင်းနဲ့ ခြေစစ်ပွဲအောင်ရေး ထပ်မံယှဉ်ပြိုင်ရမှာပါ။ ပွဲစဉ်(၆)အပြီးမှာ ပါရာဂွေးနဲ့ အာဂျင်တီးနားတို့က ၁၃ မှတ်စီနဲ့ ဦးဆောင်နေပြီး ဒွန်ဂါကိုင်တွယ်တဲ့ နာမည်ကြီး ဘရာဇီးကတော့ အဆင့်(၅)ကို ရောက်နေပါတယ်။ ဒါကြောင့် ဒွန်ဂါအနေနဲ့ ခြေစစ်ပွဲအောင်ရေးအတွက် ရုန်းကန်ရဦးမှာပါ။ တောင်အမေရိကဇုန် ခြေစစ်ပွဲများအဖြစ် စက်တင်ဘာ ၆ ရက်နေ့မှာ ပီရူးနဲ့ဗင်နီဇွဲလား၊ စက်တင်ဘာ ၇ ရက်နေ့မှာ အာဂျင်တီးနားနဲ့ ပါရာဂွေး၊ အီကွေဒေါနဲ့ ဘိုလီဗီးယား၊ ကိုလံဘီယာနဲ့ ဥရုဂွေးတို့ယှဉ်ပြိုင် ကစားကြမှာဖြစ်ပြီး စက်တင်ဘာ ၈ ရက်နေ့နံနက်မှာ ချီလီနဲ့ ဘရာဇီးတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ဝင်းတင်(ကြေးမုံ)

အင်္ဂလန်အသင်းတွင် ပြန်လည်ရွေးချယ်ထားသည့် ဒေးဗစ်ဘက်ခမ်းနှင့် နည်းပြကာပယ်လိုတို့အား တွေ့ရစဉ်။ *(ယခုပြိုင်ပွဲသည် ကာပယ်လိုအတွက် အင်္ဂလန်အသင်းနှင့်အတူ ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်သည်။)* *(ဓာတ်ပုံ-အင်တာနက်)*

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ တော်ဝင်ရိပ်သာ၊ တိုက်(J)၊ အခန်း(၁)နေ
ဗိုလ်မှူးချုပ်သိုက်(ငြိမ်း)ဒါရိုက်တာ(စီးပွားရေးဦးပိုင်)-ဒေါ်ဝင်းသီတာတို့၏ သားငယ်
မောင်အာကာသိုက် (First Year, English)
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ တိုက်(၁၄)၊ အခန်း(B 2)နေ
ဦးရဲလင်းထွန်း Chief Officer (Bernhard Schulte Shipping Company) - ဒေါ်အေးမာလာစိုး တို့၏ တစ်ဦးတည်းသောသမီး
မကေခိုင်လင်းထွန်း (ခ) ချစ်စု (First Year, Law)

တို့သည် ၂-၉-၂၀၀၈ ရက်တွင် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်အာကာသိုက်-မကေခိုင်လင်းထွန်း

လက်ထပ်ပြီးစီးခြင်း

ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆၉)နှင့်
မြိတ်မြို့၊ ရှမ်းချောင်းရပ်၊ ရွှေပြည်သာလမ်းနေ
ဦးဘွန်တီ-ဒေါ်ကင်းမကျင်း တို့၏သား
မောင်အောင်ကျော်မိုး B.E (Civil)
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ တိုက်(၃)၊
အခန်း(၁၇)၊ ပန်းလှိုင်အိမ်ရာနေ
ဦးလှအောင်-ဒေါ်စောစောလွင် တို့၏သမီးဦး
မမီမီလွင်အောင် B.E (Electronic)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီမှုအရ ၈-၈-၂၀၀၈ ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်မိုး-မမီမီလွင်အောင်

ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီဖြစ်သော**CRYSTAL SPRINGS COMPANY LIMITED** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၅၂၅/၂၀၀၇-၂၀၀၈)သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင် ရုံးတွင် မှတ်ပုံတင်သွင်းပြီး ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲကာ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မှတ်ပုံတင်အမှတ်-၅၆၃၉/၂၀၀၈ မှတ်ပုံတင်အမှတ်-၅၆၄၀/၂၀၀၈ မှတ်ပုံတင်အမှတ်-၅၆၄၁/၂၀၀၈

အထက်ဖော်ပြပါ အမှတ်တံဆိပ်များအားလုံးဖြင့် သောက်ရေသန့်များကို ထုတ်လုပ်ပြီး ထည့်သွင်းအသုံးပြုသော ပလတ်စတစ်ဘူးအမျိုးမျိုး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင် ကုန်အမှတ်တံဆိပ်များကို အရောင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီး ရိုက်နှိပ်၊ အသားတံဆိပ်နှိပ်များထည့်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ အမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့်ပင် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်အသီးသီး၊ ကြော်ငြာအမျိုးမျိုး၊ ငွေပြေစာဖြတ်ပိုင်း တံဆိပ်တုံး အစရှိသည်တို့တွင်လည်း အသုံးပြုလျက်ရှိပြီး ဆက်လက်အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုလျက်ရှိပြီး အထက်အမည်ပါ ကုန်အမှတ်တံဆိပ်များနှင့်ပတ်သက်၍ အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲ၊ ထင်ယောင်ထင်မှားဖြစ်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သုံးစွဲထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ တုပပြုလုပ် ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ကြောင်း တွေ့မြင်ကြားသိရပါက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရ လည်းကောင်း၊ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

CRYSTAL SPRINGS COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းစိုးထွန်း (LL.B,D.B.L)
အထက်တန်းရှေ့နေ
အမှတ်(၆၂)၊ Winner Firm အခန်း(၁၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၃၉၆၈

တိုင်းရင်းဆေးပညာဖြင့် မိသားစုစောင့်ရှောက်မှုသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၃

အိမ်ရှင်မများ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆင့်ပွားသင်တန်းဆင်းပွဲကို ဩဂုတ် ၃၁ ရက်တွင် ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝင်းနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းတို့က သင်တန်းနည်းပြများဖြစ်ကြသော ဂန့်ဂေါမြို့ ဒုတိယတိုင်းရင်းဆေးခန်းမှူး ဦးမြင့်ဦးနှင့် နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ၁၅၀ တို့ တက်ရောက်ကြကြောင်း သိရှိသည်။

(သတင်းစဉ်)

ရှောင်
လေ
ဝေး
ဝေး
မူး
ယစ်
ဆေး

MARS ခြင်ဆေးခွေ၏ အကောင်းဆုံးဆောင်ပုဒ်ကို ကြေညာခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

MARS ခြင်ဆေးခွေ၏ အကောင်းဆုံးဆောင်ပုဒ် (Slogan)ကို ကြေညာခြင်းနှင့် ဆုရရှိသူအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

MARS ခြင်ဆေးခွေမှ Marketing Manager ဒေါ်ဥမ္မာခင် အကောင်းဆုံး ဆောင်ပုဒ်ပြိုင်ပွဲတွင် "ကျန်းမာပျော်ရွှင် ဒို့ဝန်းကျင် မားစ်အစွမ်းကြောင့် ခြင်ကင်းစင်" ဆောင်ပုဒ်ဖြင့် ဆုရရှိသော မောင်မိုးကျော်အား ဆုငွေကျပ် ၁၅၀၀၀၀ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ MARS ခြင်ဆေးခွေမှ Marketing Manager ဒေါ်ဥမ္မာခင်က MARS ခြင်ဆေးခွေ၏ အကောင်းဆုံးဆောင်ပုဒ်ဖြစ်သော "ကျန်းမာပျော်ရွှင် ဒို့ဝန်းကျင် မားစ်အစွမ်းကြောင့် ခြင်ကင်းစင်"ကို ကြေညာပြီး ဆုရရှိသော ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီကုန်းလမ်းနေ မောင်မိုးကျော်အား ဆုငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် MARS ခြင်ဆေးခွေမှ Business Development Manager ဦးကောင်းမြတ်က MARS ခြင်ဆေးခွေ၏ အကောင်းဆုံးဆောင်ပုဒ်ကို ရွေးချယ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆုရရှိသူ မောင်မိုးကျော်က ကျေးဇူးတင်စကားပြောကြားသည်။ MARS ခြင်ဆေးခွေ၏ အကောင်းဆုံး ဆောင်ပုဒ်ကို ပြိုင်ပွဲဝင် ၃၀၀ကျော်တို့၏ ဆောင်ပုဒ်ပေါင်း ၁၅၀၀ ကျော် အနက်မှ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအားလုံးထံ အမှတ်တရလက်ဆောင်များကို ပေးပို့သွားမည်ဖြစ်သည်။

MARS ခြင်ဆေးခွေကို အဆင့်မြင့်ဂျပန်နည်းပညာဖြင့် စီမံထုတ်လုပ်ထားသောကြောင့် အထူးသဖြင့် ကလေးငယ်များတွင် ခြင်ကိုက်ခြင်းကြောင့် ဖြစ်ရသည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများဖြစ်ခြင်းတို့မှ ထိရောက်စွာကာကွယ်နိုင်ပြီး အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်(၃၁)မြို့နယ်အား ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားရှိရာတွင် အချို့ယာဉ်မောင်းများမှာ အကြောင်းအမျိုးမျိုးပြလျက် ဟွန်းတီးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် ဟွန်းသံကင်းမဲ့ဇုန်အတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

PC Based Control System ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ စက်တင်ဘာ ၆ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံရှိ အခန်း(၂၀၅)၌ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်စိုးမိုး(Assembler) က ကွန်ပျူတာစနစ်(PC)ကို အသုံးပြု၍ စက်ပစ္စည်းများအား ထိန်းချုပ်မောင်းနှင်သည့်စနစ်ကို "PC Based Control System" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ထို့အပြင် Window OS ပေါ်မှနေ၍ မိမိထိန်းချုပ်မောင်းနှင်လိုသော စက်ကို စောင့်ကြည့်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ကွပ်ကဲထိန်းကျောင်းခြင်း စသောလုပ်ငန်းများလုပ်ဆောင်နိုင်ခြင်း၊ PCကိုအသုံးပြုခြင်းကြောင့် User Interface လွယ်ကူကောင်းမွန်ခြင်း၊ စက်၏အခြေအနေနှင့် ထုတ်လုပ်မှုများကို အချိန်အတိအကျ မှတ်တမ်းတင်သိမ်းထားနိုင်ခြင်း၊ မှတ်တမ်းများကို အလွယ်တကူ Print ထုတ်ယူနိုင်ခြင်း၊ အခြားလုပ်ငန်းသုံး Computer Program များနှင့် အလွယ်တကူ ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ Computer System များ၏ Network Functions များကိုအသုံးပြု၍ Communication စနစ်ကို ရယူအသုံးပြုနိုင်ခြင်း စသော အားသာချက်များနှင့် ကုန်ထုတ်စက်ရုံများ၊ စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုပါက များစွာအကျိုးရှိခြင်းတို့ကို ဟောပြောသွားမည်ဖြစ်သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

သဘာဝပိုဇိုလန်ထုတ်လုပ်ရေး စက်ရုံသို့ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပုပ္ပားမြို့မှ နှစ်မိုင်ခန့်အကွာ ငါးရန့်ကုန်းရွာအနီးရှိ သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးအား စက်ရုံမှူး ဦးကြည်ထွန်းက တစ်နေ့လျှင် တန်၅၀၀ကျ သဘာဝပိုဇိုလန်စက်ရုံသစ် တည်ဆောက်ပြီးစီးမှုနှင့် Performance Test စမ်းသပ်မောင်းနှင်ထုတ်လုပ်မှု၊ ကုန်ကြမ်းရရှိမှု၊ သိုလှောင်စုဆောင်းထားရှိမှုနှင့် ကုန်ချောထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံသစ်အတွင်း၌ ကွန်ပျူတာစနစ်ဖြင့် Performance Test စမ်းသပ်မောင်းနှင်နေမှု၊ Ball Mill များ လည်ပတ်မောင်းနှင်နေမှုနှင့် စက်တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်များကို စနစ်တကျ ထိန်းသိမ်းမောင်းနှင်ရေးကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကုန်ချောများထည့်သိုနေမှု၊ ကုန်ချောများကို ထုပ်ပိုးခွန်များဖြင့် စနစ်တကျ ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့်တာဝန်ရှိသူများအား စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း မန္တလေးတိုင်း ပုပ္ပားမြို့ ငါးရန့်ကုန်းရွာအနီးရှိ သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်
(သတင်းစဉ်)

ကမ္ဘာ့စီးပွားရေးဆိုင်ရာ အင်တာနက် သတင်းဆောင်းပါး

ကမ္ဘာ့အမြင့်ဆုံးဖြစ်လာမည့် ဘာ့ဂျ်ဒူဘိုင်းအဆောက်အအုံ

ဒူဘိုင်း စက်တင်ဘာ ၃

မြင်ကွင်းက အံ့ဘနန်း ခမ်းနားကြီးကျယ် သလောက် ကိန်းဂဏန်းစာရင်းဇယား အချက်အလက်တို့ကလည်း ကြီးမားများပြားလှပါပေသည်။

"ဘာ့ဂျ်ဒူဘိုင်း" နှင့်ပတ်သက်၍ ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ် အဆောက်အအုံများဆိုင်ရာကဏ္ဍတွင် အယ်ဒီတာတို့က ပြင်ဆင်ဖြည့်စွက်ရေးသားကြရပြီ ဖြစ်သည်။ ၎င်းသည် သာမန်ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံမျှသာ မဟုတ်။ လွန်ခဲ့သည့် တစ်နှစ်က ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံစံချိန်ကို ချိုးလိုက်နိုင်သည့်အပြင် ကမ္ဘာ့အမြင့်ဆုံး ရုပ်/သံလွှင့်အင်တာနာ စံချိန်ကိုလည်း ကျော်တက်ခဲ့သည်။ ယခုလည်း ဆက်လက်ဆောက်လုပ် မြင့်တက်နေဆဲ။ ဒူဘိုင်းမျှော်စင်ဟု အမိပ္ပာယ်ရသည့် ဘာ့ဂျ်ဒူဘိုင်းသည် ယခုရက်သတ္တပတ်မှာပင် လူလုပ်အရာဝတ္ထုများတွင် အရှည်ဆုံး၊ အမြင့်ဆုံးအဖြစ်တရားဝင်စာရင်းပေါက်သွားပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

ကမ္ဘာ့အမြင့်ဆုံးဖြစ်လာမည့် ဘာ့ဂျ်ဒူဘိုင်းအဆောက်အအုံကို တွေ့ရစဉ်။

အားကစားသတင်းများ အညွှန်း

❑ အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ (စာ-၁၀)

❑ နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (စာ-၁၀)

❑ ဇွန်(၆)ဇွန်တွင်ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ (စာ-၁၁)

❑ မန်-စီးတီးကို ကမ္ဘာ့အကြီးကျယ်ဆုံးကလပ်ဖြစ်ရန် အဘူဒါဘီအုပ်စု ကြိုးပမ်း (စာ-၁၁)

အင်တာနက် ကျန်းမာရေးသတင်း

ဖျားနာနေသော ကလေးများကို ကုသမှုပေးရာတွင် အိုင်ဘူပရိုဖန်ဆေးက ပါရာစီတမော့ထက် ပိုကောင်းဟုဆို

လန်ဒန် စက်တင်ဘာ ၃

ဖျားနာနေသော ကလေးများကို အဖျားကျစေရန် ကုသပေးရာ၌ အိုင်ဘူပရိုဖန် (Ibuprofen) ဆေးဝါးက လက်ရှိအသုံးများနေသော ပါရာစီတမော့ဆေးဝါးထက် ပို၍ကောင်းမွန်သည်ကို ဗြိတိန်သုတေသီများက ရှာဖွေတွေ့ရှိကြသည်။

ဗြိတိန်သုတေသီများသည် အသက်ခြောက်လမှ ခြောက်နှစ်အရွယ်ရှိ ဖျားနေသောကလေးလူနာ ၁၅၆ဦးတို့ကို ဖော်ပြပါဆေးနှစ်မျိုးပေး၍ စမ်းသပ်ကုသကြည့်သည်။ ဤနေရာတွင် အိုင်ဘူပရိုဖန်ဆေးပေး၍ကုသခံရသူလူနာများသည် ပါရာစီတမော့ဆေးပေး၍ကုသခံရသူလူနာများထက် ပို၍ အဖျားအကျမြန်သည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

အဖျားရောဂါသည် ကလေးငယ်များတွင် အဖြစ်များသော ရောဂါဖြစ်သည်။ မိဘများ အနေဖြင့် ဖျားနေသောကလေးငယ်ကို ဆေးပေး၍ ကုသလိုလျှင် ပထမဦးဆုံး ရွေးချယ်သင့်သော ဆေးမှာ အိုင်ဘူပရိုဖန်ပင် ဖြစ်သင့်သည်ဟု သုတေသီများက အကြံပြုသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ကလေးများကို အဖျားကျစေရန် ကုသပေးရာ၌ Ibuprofen ဆေးဝါးက ပါရာစီတမော့ဆေးဝါးထက် ပို၍ ကောင်းမွန်သည်။